


ဘဝတက္ကသိုလ်

mgyoe.com


SAMPLE BOOK

# လူတွေကြားက

# လူအောင်ဆန်း

ဝင်းအောင်ကြီး

mgyoe.com


လူတွေကြားက
လူအောင်ဆန်း
ဝင်းအောင်ကြီး

mgyoe.com

SAMPLE BOOK

ပထမ အကြိမ်၊ ၂၀၁၆၊ ဖေဖော်ဝါရီ

| | |
|---|---|
| မျက်နှာဖုံး | ဒီဇိုင်း အံ့ဘွယ်ဇင် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက် ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက် ၁၀၄/ဘီ၊ ၅၂ လမ်း၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ ၁၉၊ ဃောသကလမ်း၊ သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ |


mgyoe.com

mgyoe.com SAMPLE BOOK

# လူတွေကြားက
# လူအောင်ဆန်း

ဝင်းအောင်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


စာဖတ်သူသို့ အစီရင်ခံပါသည် ၁
စာရေးသူ၏ အမှာနှင့် ကျေးဇူးစကား ၅

၁။ ဗိုလ်ချုပ်ကို ချစ်လို့ ရူးမိခြင်း ၇
၂။ ဗိုလ်ချုပ် ဆိုတာ ဖယ်ကာ ကိုအောင်ဆန်းလို့သာ ခေါ်ချင်တာ ၁၁
၃။ ကိုအောင်ဆန်းရဲ့ သင်္ကေတ တကသ ၁၅
၄။ တကသနှင့် ဗကသ ကြားက ကိုအောင်ဆန်း ၁၉
၅။ တကသကို သိဖို့ ကြည့်တတ် မြင်တတ်လို ၂၃
၆။ ဗကသ ညီလာခံ အတွက် မန္တလေးသား နှစ်ယောက် ရှာတွေ့ပြီ ၂၇
၇။ ဗကသ နေရာမဲ့လို့ ကိုအောင်ဆန်း အိပ်မပျော် ၃၁
၈။ လူတကာလို စားလို့ ပဲပြုတ် နံပြားနှင့် ဘောင်မခတ်သင့် ၃၅
၉။ ကျောင်းသား လှုပ်ရှားမှု ဆိုတာ ဘယ်ပါတီ အတွက်မှ မဟုတ် ၄၁
၁၀။ ကိုအောင်ဆန်း ကိုယ်တွေ့မို့ လူငယ်တို့ စွမ်းအားကို ပိုသိ ၄၅
၁၁။ ကိုအောင်ဆန်းကို လူတွေ မသိ ကိစ္စ မရှိ ၅၁
၁၂။ အိပ်ရာက နိုးမေးမလား အဖြေက ရှိပြီးသား ၅၅
၁၃။ မျက်နှာ မှုန်ကုပ်ကုပ်နှင့် ပိတ်ကားပေါ်က အောင်ဆန်း ၆၁
၁၄။ မီးခဲပြာ လွင့်သွားတော့ ရဲရဲတောက် သခင် အောင်ဆန်း ၆၅
၁၅။ ဗကသ ရန်ပုံငွေ ရုပ်ရှင်မို့ သခင် အောင်ဆန်း မနေသာ ၆၉
၁၆။ ဘယ်လောက် ကြီးမြင့်ပါစေ တွဲလုပ်နိုင်စွမ်းတဲ့ အောင်ဆန်း ၇၃
၁၇။ အနိမ့်ဆုံး လူလို ဝတ်လို့လည်း လူတွေ ကြားက လူအောင်ဆန်း ၇၉
၁၈။ ပင်လုံ မတိုင်မီ အောင်ဆန်းရဲ့ ပြည်ထောင်စု အိပ်မက် ၈၃
၁၉။ တိုင်းပြည် အတွက် ရှာတတ် မြင်တတ် သုံးတတ်တဲ့ အောင်ဆန်း ၈၉
၂၀။ ရာထူး သေနာပတိ စိတ်က တပ်သား ဆိုတာ အောင်ဆန်း ၉၃
၂၁။ အောင်ဆန်းက ပြောတဲ့ သမိုင်း ၉၇
၂၂။ သမိုင်းက ပြောတဲ့ အောင်ဆန်း ၁၀၁
၂၃။ ဦးသန့်နှင့် နည်းနည်း ကွဲ များများ တူတဲ့ ဗိုလ်ချုပ် အောင်ဆန်း ၁၀၅
၂၄။ ကိုယ့်နေရာ ကိုယ်နေ ဝင်မရှုပ်နှင့် ဆိုတာ အောင်ဆန်းရဲ့ စရိုက် ၁၀၉
၂၅။ လေဝင်လို့ မရအောင် အကွက်စေ့ပါဘိ ဗိုလ်ချုပ် အောင်ဆန်း ၁၁၃


mgyoe.com

mgyoe.com SAMPLE BOOK

၂၆။ အောင်ဆန်း၏ ခေါင်းဆောင်မှုမျိုး တွေ့မယ်ထင် ရှာကြည့် ၁၁၉
၂၇။ အောင်ဆန်းကို ဘယ်သူကမှ မလွှမ်းနိုင် ၁၂၅
၂၈။ အောင်ဆန်း စိုက်ပေးခဲ့တဲ့ ပဒေသာပင် ရေတောင် မလောင်းကြ ၁၂၉
၂၉။ အောင်ဆန်း မသေ လူတွေ ကြားမှာ အမြဲ နေ ၁၃၅
၃၀။ ဗိုလ်ချုပ် အောင်ဆန်းနှင့် ယှဉ်ကြည့် ခွဲကြည့် တွဲကြည့်
(နောက်ဆက်တွဲ ၁) ၁၄၁
၃၁။ မှတ်တမ်းတင်ခြင်း သက်သက်ပါ
(နောက်ဆက်တွဲ ၂) ၁၄၅

mgyoe.com

mgyoe.com SAMPLE BOOK

## စာဖတ်သူသို့ အစီရင်ခံပါသည်

စာဖတ်သူ ခင်ဗျာ။ သင်၏ အသက်၊ ပညာ အဆင့်အတန်း၊ ရာထူး၊ အလုပ်အကိုင်၊ လူမျိုး၊ ကိုးကွယ်တဲ့ ဘာသာ စတာတွေ ခဏ မေ့ထားကာ ဗမာစာ ဖတ်တတ်သူ သာမန် လူတစ်ယောက် အနေနှင့် ခပ်ဖြည်းဖြည်း စဖတ်ပါ။ မျက်စိ မညောင်းခင် ရောက်နေတဲ့ နေရာကို မှတ်ကာ စာအုပ်ပိတ်၊ မျက်စိမှိတ် တွေးကြည့်ပါ။ ပြီးတော့ ရပ်ထားတဲ့ နေရာက ပြန်ဆက်ဖတ်ပါ၊ ပြန်တွေးပါ။

လူတွေ မြင်လာပါလိမ့်မယ်။ သင် ယခု နေထိုင်တဲ့ တိုင်းပြည်ပါပဲ။ ဒါပေမဲ့ တူမှာတော့ မဟုတ်။ လူတွေကလည်း မြန်မာတွေပါပဲ။ ဒါပေမဲ့ ကွဲနေပေလိမ့်မယ်။ နည်းနည်း စိတ်ရှည်ရှည် ထား ဆက်ဖတ် ဆက်တွေးရင် အဲဒီ လူတွေနှင့် သင် စိမ်းမှာ မဟုတ်တော့။

မျက်စိကို စောင်းမထား၊ စွေမထား၊ မှေးမထားဘဲ ကြည့်ရင် မြင်ကွင်း ကျယ်လာလိမ့်မယ်။ လက်တစ်ဆစ်ထက် ပိုကာ လှမ်းကြည့်၊ အဝေးကို မြင်လာပြီ တွေ့လား။ အဲဒီ လူတွေဟာ သင့်အဖေ သင့်အမေ၊ သင့်အဘိုး သင့်အဘွား၊ သင့်ဆွေမျိုးသားချင်းများ။

ဗြိတိသျှ လက်အောက်က လွတ်မြောက်ဖို့ ကြိုးပမ်းကြတဲ့ ဆရာစံလို လယ်သမား၊ ရေနံမြေက သခင် ဘိုးလှကြီးလို အလုပ်သမား၊ ရန်ကုန်တက္ကသိုလ်က သပိတ်မှောက် ကျောင်းသား စတဲ့ လူတွေ၊ လူဆန်တဲ့ လူတွေကြား ဆံပင် စုတ်ဖွား၊ မျက်နှာ မွဲကုပ်ကုပ်နှင့် လူငယ် တစ်ယောက် ဝိုးတဝါး မြင်လိမ့်မယ်။

သင့် နားထဲ လေယာဉ်ပျံသံ၊ ဗုံးကြဲသံ၊ ငိုသံတွေနှင့် အတူ အချင်းချင်း ချေးတပ် ဆွဲတယ်ဟေ့၊ ပြေးကြလို့ သတိပေး ရှောင်ကြ တိမ်းကြရင်း လူလူချင်း ရိုင်းပင်းကြတဲ့ လူတွေကို စိတ်မသက်မသာနှင့် ကြည့်ကာ အလေးအနက် စဉ်းစားနေတဲ့ လူတစ်ယောက် တွေ့လိမ့်မယ်။ ဆံပင်စုတ်ဖွား မဟုတ်တော့ ခေါင်းတုံးနှင့်။



mgyoe.com

mgyoe.com SAMPLE BOOK

ညဉ်းပန်း နှိပ်စက် အနိုင်ကျင့်တဲ့ ဖက်ဆစ်တွေကို တစ်ပြည်လုံးက တော်လှန်ကြတဲ့ အခါ လူတွေကြား ထိပ်နားက သူ ပါနေပြန်လို့ သူနှင့် သင် မျက်မှန်း တန်းမိလောက်ပြီ။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသွားပြီ ဆိုတော့မှ အသက် မသေ ရှင်ကျန်နေသူများ အသက် ရှူနိုင်ကြတယ်။ လွတ်လပ်ရေး ရဖို့ ဆိုတော့ သူ့အသံ သင်တို့ ကြားယောင်လာမယ်။ စကားလုံး ခပ်ကြမ်းကြမ်းပေမဲ့ ပြတ်သားလို့ လူတွေက နားဝင်ချို၊ မျက်စိ ဖွင့်ကြည့်လိုက် လူတွေ ကြားက သူ ဖြစ်နေပြန်ပြီ။

မြန်မာပြည်ရဲ့ အစွန်အဖျား သာယာ လှပတဲ့ နေရာက စကားဝဲဝဲနှင့် လူတွေ အလယ် အိမ်ပြန်လာတဲ့ ကျောင်းသား မိသားစုဝင်ကြားမှာလို ရယ်ကာ မောကာ တရင်းတနှီးနှင့် ပြောလိုက် ဆိုလိုက်၊ မျက်နှာ မှုန် ကုပ်ကုပ် မဟုတ်တော့လို့ မမှတ်မိတော့ဘူးလား။

သူလေ၊ လူ ဆိုရင် ဘယ်နေရာက ဘယ်လိုလူ ဖြစ်ဖြစ် လူလိုမြင် လူလိုခင် သူ ပေါင်းလို့ ရတာမို့ လူတွေ ကြားက လူ။

စာဖတ်သူ မိမိ အသက် ပြန်သတိရ စဉ်းစားရင်း မေးကြည့်။ သင် ရှစ်နှစ်သား။ ဘယ်နတန်း ရောက်နေပြီလဲ။ အဲဒီ အရွယ် သူ ကျောင်း မနေရသေးလို့ ကကြီး ခခွေး မအော်တတ်၊ ဝလုံး မရေးတတ်သေးဘူး။ သူ ၂၃ နှစ် အရွယ် တို့ဗမာအစည်းအရုံးမှာ အတွေတွေ အတွင်းရေးမှူး ဖြစ်ချိန်၊ နေရှုးရဲ့ ဒေ့သည် အဖြစ် မဟတ္တမ ဂန္ဒီနှင့် လွတ်လပ်ရေး ကိစ္စ ဆွေးနွေးချိန်၊ ဘယ်ညှို ညာညှိုတောင် မတတ်သေးဘဲ ရဲဘော် သုံးကျိပ် ဖြစ်လာရေး တိုကျိုမှာ ကာနယ် စူဇူကီးနှင့် ညှိနှိုင်းနေချိန် သင် ဘယ်မှာ ဘာလုပ်နေသလဲ။

သူ ၃၂ နှစ်သား မြန်မာပြည်မှာ ဘုရင်ခံက လွဲရင် ရာထူး အဆင့် နှင့် လစာ အမြင့်ဆုံး ရနေချိန်၊ ငါးခူနှင့် ကင်မွန်းချဉ်ဟင်း စားရင်း လွတ်လပ်ရေး ရတဲ့ အခါ လူတွေ ဘယ်နည်းနှင့်မှ မခွဲခြားဘဲ သူ ချစ် တဲ့ လူတွေ အားလုံး အာဟာရ ပြည့်ပြည့် စားဖို့ အမျိုးကောင်း နွား တွေ၊ ကြက်တွေ မွေးရေး လုပ်နေပြီ။

လူတွေ လူတွေ သူ့နေရာနှင့် သူနေ၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ ဗိုလ် ကျ အနိုင်ကျင့်မရအောင် လူတိုင်း စစ်ပညာ မသင် မနေရလို့ သူ စီမံ တယ်။ လက်နက် ကိုင်သူတွေကို ပြတ်ပြတ်သားသား ဆုံးမခဲ့တယ်။ သူနှင့် တွဲလုပ်သူတွေကို သင် ကြားဖူးပါလိမ့်မယ်။ သူဟာ မိုးပေါ်က ကျလာသူ မဟုတ်၊ လူတွေထဲက သင့်လို လူတစ်ယောက်မို့ သင်လည်း သူ့လို ဖြစ်နိုင်တယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ခုတော့ ရှိပါတယ်။ သင်တို့ခေတ် တကာသ မရှိလို့ အိုးဝေ အယ်ဒီတာ မလုပ်ချင်နှင့်။ ဗကာသ အခြေ နိုင်မှသာ ဥက္ကဋ္ဌ တင်မြှောက်လို့ ရမယ်။ ဗိုလ်တေဇကို ရဲဘော် သုံးကျိပ်က မွေးတာပါ။ ဖဆပလလို တပ်ဦးကို တည်ထောင် ဦးဆောင်နိုင်တာမို့ အမျိုးသား ခေါင်းဆောင်ကြီးလို့ လူတွေက ခေါ်ကြတာပါ။

စာဖတ်သူ စိတ်ပျက်မသွားပါနှင့်။ အနိမ်ဆုံး သူ့လို လူဆန်တဲ့ လူ တစ်ယောက်တော့ ဖြစ်လာမှာ။

သူ မသေပါဘူး။ လူတွေ ရှိနေသေးသရွေ့ သူ ရှင်နေမှာပါ။ စာဖတ်သူ နောက် တစ်ယောက်၊ ပြီးတော့ နောက် တစ်ယောက် စုကာ ဆွေးနွေးကြပါ။ သူနှင့် တူတာတွေ ချိန်ထိုး (compare) လုပ်၊ မတူတာ နှိုင်းယှဉ် (contrast) နိုင်ဖို့ သူနှင့် ခေတ်ပြိုင် နိုင်ငံရေးသမား တစ်ယောက်ချင်း မှတ်ချက် အတိုလေးတွေ လက်ဆောင် ထည့်ပေးလိုက်တယ်။

ရွာထဲ ရပ်ကွက်ထဲ သို့မဟုတ် လမ်းထိပ် တစ်နေရာရာမှာ သူ ရှိနေပါလိမ့်မယ်။ စုပြီး ခွဲပြီး တွဲပြီး ရှာ၊ ဖွဲ့ကောင်းကောင်းနှင့် ရှာ၊ တစ်နေ့ မဟုတ် တစ်နေ့၊ တစ်နှစ် မဟုတ် တစ်နှစ်၊ တစ်ခေတ် မဟုတ် တစ်ခေတ် တွေ့မှာ မုချ။ လူတွေ ကြားက လူအောင်ဆန်း၊ လူတွေ ကြားမှာသာ သူ ရှိ၏။

ဝင်းအောင်ကြီး
၂၀၁၅ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့။


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာနှင့် ကျေးဇူး စကား

ဗိုလ်ချုပ် အောင်ဆန်း နှစ်တစ်ရာ ပြည့်ချိန်က ကျွန်တော် facebook ကနေ လူအောင်ဆန်း (၁)၊ (၂) စသဖြင့် ကိုးပုဒ် ရေးခဲ့၏။ စိတ်ဝင်စားသော လူငယ်များက မေးကြ မြန်းကြနှင့်မို့ ထပ်ရှာ ထပ်စုရသည်။ စာအုပ် ထုတ်သင့် ထုတ်ပေးမည် ဆို၍ လေ့လာ အကိုးအကား ရှာကာ ပြင်ဆင်ပြီးသော်လည်း စာအုပ် ဖြစ်လာမည့် အရိပ်အယောင် ဝေးလွန်းလှသည်။

စာမူကိုင် အချောသတ်ရင်း ထပ်ဖြည့် ထပ်ရှာနှင့် ဗိုလ်ချုပ် အောင်ဆန်း ကျဆုံးသော နှစ်လည်နေ့တွင် ပြီးစီးသွားသော်လည်း အမှန်တကယ် စာအုပ် ထုတ်ပေးမည့်သူကို ရှာမတွေ့နိုင်ပါ။ စွန့်ပစ်ဖို့ ကျွန်တော် မတွေးရဲ၊ အချိန် ကုန်သည်ထက် ကုန်လာပြီ။

နောက်ဆုံး ဘဝတက္ကသိုလ် စာပေမှ ကိုနေဝင်းကိုပဲ အပူကပ် မေတ္တာ ရပ်ခံရတော့၏။ သူနှင့် အတူ ရှားပါး ဓာတ်ပုံများ စုဆောင်းပေးသော မလေးရှားရောက် ကိုချစ်ဦး ( M-Media) ကိုလည်း ကျေးဇူးစကား ဆိုပါရစေ။

ဝင်းအောင်ကြီး (မောင်အောင်မွှန်)
၂၀၁၆ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့။



mgyoe.com

mgyoe.com
SAMPLE BOOK



လူတွေ ကြားက လူအောင်ဆန်း



mgyoe.com

mgyoe.com SAMPLE BOOK

## ၁။ ဗိုလ်ချုပ်ကို ချစ်လို့ ရူးမိခြင်း

မဟာတ္တမဂန္ဒီ၊ လင်ကွန်း၊ ဟိုချီမင်းတို့လို ကြည်ညို လေးစားတာထက် ဗိုလ်ချုပ်အောင်ဆန်းကျတော့ ဘာ့ကြောင့် ပိုရတာလဲ။ သူ့ကိုတော့ ချစ်လို့ပါ။ သွေးသား မတော်စပ်ဘဲ ချစ်လို့ ရသလား ဆိုတာ ခုမှ နားလည်လာတယ်။ ဟိုတုန်းက မတွေးမိ၊ ကျွန်တော်က ငယ်သေးတာကိုး။

၁၉၅၃ ခု ရန်ကုန် တက္ကသိုလ် ရောက်လာတော့ ဆေးရုံတက် သူနာပြု ဆရာမလေးနှင့် ဆုံချင် ချစ်ချင်တဲ့ စိတ်တောင် ကျွန်တော့်မှာ ပေါ်ခဲ့ဖူးလေရဲ့။

ကျွန်တော့် အသက်က ၁၆ နှစ်။ ညနေဘက် အင်းလျားကန်စောင်း လမ်းလျှောက်တဲ့ အခါ ကျောင်းသူ အချော အလှလေးတွေကလည်း များလှပါဘိ။ ကျွန်တော် နေရတဲ့ သထုံဆောင်နှင့် မလှမ်းမကမ်းမှာက တက္ကသိုလ် ဆေးရုံ။ နေထိုင်မကောင်း ဖြစ်ဖို့ ဖျားနာဖို့များ ဆုတောင်းရလေမလား။ ကံဆိုးချင်တော့ တက္ကသိုလ် ဆေးရုံမှာ သူနာပြု ဆရာမ နတ္ထိ၊ အမျိုးသား သူနာပြုတွေသာ ရှိ။

နောက်တော့ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ဆောင်းပါးတွေ စာအုပ်တွေ ဖတ်ရ၊ မိန့်ခွန်းထဲက သူ့အသံ ကြားရ၊ သူ့ပုံတွေ မြင်ရနှင့် အားမရ။ သူနှင့် ဆုံဖူးသူတို့ထံ ချဉ်းကပ် မေးမြန်း၊ အချက်အလက်တွေ ပိုရ၊ ပိုတွေးလာခဲ့တဲ့ နှစ်တွေ နှစ်တွေ။ ဟော သူသာ ရှင်နေရင် အသက် တစ်ရာ ပြည့်ခဲ့ပြီ။

ကျွန်တော် ပထမဆုံး ဖတ်ဖူးတာက တာရာ မဂ္ဂဇင်းထဲက ဆရာ ဒဂုန်တာရာ ရေးတဲ့ 'အောင်ဆန်း သို့မဟုတ် အရိုင်း' ပါ။ သူ့အကြောင်း ပိုပြီး သိလာပြီ။ ဆောင်းပါးမှာ 'သူသည် လူထုထဲမှ သူတစ်ဦး ဖြစ်၍ လူထုနှင့် ဆက်စပ်နေ၍ လူထု ခေါင်းဆောင် ဖြစ်လာသည် ဖြစ်ပေလိမ့်မည်' လို့ သုံးထားတာ ကျွန်တော့် ခေါင်းထဲက ဘယ်တော့မှ မထွက်နိုင်။

ဗိုလ်ချုပ်အောင်ဆန်းကမူ 'ဌေးမြိုင်ကတော့ ကိုယ့်ကို အရိုင်းလို့ ရေးတယ်၊ ကိုယ် ဒီလောက်လည်း မရိုင်းသေးပါဘူးကွာ' ဟု ပြောသည်ဟု ကြားရ၏ လို့ ဆရာ ဒဂုန်တာရာက နောက်ပိုင်း 'ရုပ်ပုံလွှာ' စာအုပ်ထဲမှာ ရေးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

စာရေးတဲ့ အချိန်က သူတို့ နှစ်ယောက်စလုံး အသက် သုံးဆယ် မပြည့်တပြည့်။

'လူတွေ ကြားက လူအောင်ဆန်း' ရေးတဲ့ ကျွန်တော်က အသက် ရှစ်ဆယ်နီးပါ။ အရိုင်း ဆိုတာ ရိုင်းစိုင်းခြင်း မဟုတ်၊ မသွေးရသေးတဲ့ ကျောက်ရိုင်းကိုသာ ဆိုလိုကြောင်း ကျွန်တော် နားလည်လာပြီ။

ဟိုတုန်းကတော့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းက သူ့ကို အရိုင်းလို့ ရေးတာ အဘယ့်ကြောင့် ရယ်ရယ်မောမောနှင့် လက်ခံတာလဲ။ သိချင် စူးစမ်းချင်ခဲ့လို့ ဟိုလူ့မေး ဒီလူ့မေး ထပ်တလဲလဲ မေး။

နှစ် အတန်ကြာ ဆရာ ဒဂုန်တာရာနှင့် ရင်းနှီးလာတော့ ကိုအောင်ဆန်းဟာ လူတွေထဲ သူလို ငါလို နေချင်တဲ့ လူတစ်ယောက်လို့ ကျွန်တော့်ကို ထပ်ပြီး ပြောပြဖူးတယ်။

နောက်တစ်ယောက်ကတော့ ဖဆပလ တောင်တန်း ဒေသ ဌာနခွဲ အတွင်းရေးမှူး တာဝန် ယူခဲ့ဖူးသူ ဦးဖေခင် (ပင်လုံ) ပါ။ ဗိုလ်ချုပ် အောင်ဆန်းနှင့် လုပ်ငန်း အရသာမက ပဲခူးဆောင်မှာ အတူ နေခဲ့ကြလို့ လူချင်းပါ ရင်းနှီးသူမို့ သူ့ စိတ်နေသဘောထား ကောင်းကောင်း သိသူ။

'အင်မတန် အမြင်ကျယ် အမြော်အမြင်ကြီး သဘောထား ပြတ်သားတဲ့ အမျိုးသား ခေါင်းဆောင်ကြီးပါ၊ ဒါပေမဲ့လို့ သာမန် လူတစ်ယောက်ထက် တစ်ပြားလောက်မှ အခွင့် ပိုမယူချင်ဘူး၊ သိပ် လူဆန်တာ' လို့ ပြောပြဖူးတယ်။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ ဗိုလ်ချုပ်တို့ ကျဆုံးလို့ သခင်နု အစိုးရ အဖွဲ့ဝင် ဝါရင့် သံအမတ်ကြီးရဲ့ သုံးသပ်ချက်။

၁၆ နှစ်သား အရွယ် သူ့ကို အားကျ စိတ်ကူးယဉ်ခဲ့တဲ့ ကျွန်တော့် ကိုယ်တွေ့လေး တစ်ခု ထည့်ရေးခွင့် ပြုပါ။

၁၉၅၅ ခု ရန်ကုန် တက္ကသိုလ် ကျောင်းသား ဘဝတုန်းကပါ။

ကျွန်တော် မျက်စိစွဲ၊ ဝမ်းလည်း ချုပ်နေရာကနေ မျက်စိ တစ်ဖက် ထက်အောက် မျက်ခွံ ရောင်ပိတ်နေလို့ ဒေါက်တာ ရောဘတ်က ရန်ကုန် ပြည်သူ့ဆေးရုံကြီးကို ပို့လိုက်တယ်။

ဝမ်းသာလိုက်တာ၊ သူနာပြုဆရာမလေးတွေနှင့် ဆုံရတော့မယ်။ တက္ကသိုလ်ဆေးရုံမှာက အဲဒီ အချိန်က အမျိုးသား သူနာပြုများသာ ရှိနေတာကိုး။

အငွေ့ တထောင်းထောင်း ထနေတဲ့ ရေနွေးခွက်ကို ငုံ့ကာ မျက်နှာနှင့်အပ်၊ အပေါ် တဘက်နှင့် အုပ်ကာ မျက်စိကို ရေနွေးငွေ့နှင့် ပေါင်းတင်ရပါ



mgyoe.com

mgyoe.com
SAMPLE BOOK

တယ်။ မနက်တိုင်း လုပ်နေကျ၊ လာလုပ်ခိုင်းတဲ့ သူနာပြု ဆရာမလေးကိုလည်း ပွင့်နေသေးတဲ့ ညာဘက် မျက်လုံးနှင့် ခိုးကြည့်ပေါ့။

ဒီလိုနှင့် သူနာပြု ဆရာမလေး တစ်ယောက်နှင့် မျက်မှန်းတန်း အပြုံး ချင်း ဖလှယ်မိကြပြီ။ နာမည် မေးတော့ မပြောဘူး၊ မသိဘူးလို့သာ ဖြေ၊ ထပ်မေး ထပ်ငြင်းနှင့် ကျွန်တော် မင်းကုသဇာတ် ခင်းပုံကို ဖတ်ကြည့်ပါ။

ခိုင်းသွားတာ မလုပ်ဘဲ နေလိုက်တယ်။ ဆရာမလေး ပြန်လာတော့ အငွေ့ တထောင်းထောင်း ထနေတဲ့ ရေနွေးခွက်က အေးစက်နေပြီ။ မျက်စောင်းထိုး၊ ရေနွေးခွက် အသစ် ထပ်ယူလာပြီး ထားသွား၊ ကျွန်တော်ကလည်း ထပ်လုပ်တော့ ဘေးလူနာတွေ မကြားအောင် တိုးတိုးလေး ညွှန့်ညွှန့်တဲ့။

ဆေးရုံက မဆင်းချင်ပေမဲ့ ရောဂါ ပျောက်တော့ အချိန်တန် အဆောင် ပြန်ပေါ့။ ရခဲ့တဲ့ လိပ်စာနှင့် စာရေး၊ ပြန်စာ ရတော့ ထပ်ရေး ထပ်ရေးနှင့်၊ ချိန်းတွေ့ကြ၊ ဒေါက်တာ အောင်ကျော်ဦး ရုပ်ရှင် ကြည့်ရင်း ဖက်နမ်း။ အဲဒီ တုန်းက ကျွန်တော် စာရေးဆရာ မောင်အောင်မွန် မဖြစ်သေးဘူး။

တကယ့် အဖြစ်မှန်ပါ။ ဇာတ်သိမ်းကျတော့ ကျွန်တော်က ဗိုလ်ချုပ် အောင်ဆန်း မဟုတ်လို့ ညွှန့်ညွှန့်လည်း ဒေါ်ခင်ကြည် ဖြစ်မလာပါ။

ကျွန်တော် ချစ်တဲ့ အားကျ အတုယူသူနှင့် ဇာတ်သိမ်းပုံ ကွဲပေမဲ့လို့ ခပ်ရေးရေးလေး တူပုံကိုတော့ ကျေနပ်စရာမို့ ဆယ်ကျော်သက် အရွယ်က စွန့်စားခန်းလေး စာရေးရင်း မျက်စိထဲ မြင်ယောင်လာလို့ 'လူတွေ ကြားက လူအောင်ဆန်း' စာအုပ်ထဲ ထည့်ရေးလိုက်တာ ခွင့်လွှတ်ဖို့ စာဖတ်သူများအား တောင်းပန်ပါရစေ။

ဗိုလ်ချုပ် အောင်ဆန်း အကြောင်း စိတ်ဝင်စားလို့ ဖတ်ခဲ့တာ၊ သိခဲ့တာ၊ လေ့လာခဲ့တာတွေ နှစ်ခြောက်ဆယ် ကျော်လာတော့ အများကြီး ဖြစ်လာပါပြီ။ အဖြစ်မှန် မသိရရှာလို့ စိတ်ကူးနှင့် မှန်းကာ ဗိုလ်ချုပ် အောင်ဆန်းအား တမ်းတ နေရသူများကိုလည်း ရည်ရွယ်ကာ မျှဝေပေါ့မယ်။

ဘာ့ကြောင့် 'လူတွေ ကြားက လူအောင်ဆန်း' လို့ နာမည် ပေးရသလဲ ဆိုတာ စာအုပ် ဆုံးရင် သဘော ပေါက်ပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK



မိခင်ကြီး အဖိုးတော့
သာမန် အောင်ဆန်း သား အောင်ဆန်း

mgyoe.com

mgyoe.com SAMPLE BOOK

## ၂။ ဗိုလ်ချုပ် ဆိုတာ ဖယ်ကာ ကိုအောင်ဆန်းလို့သာ ခေါ်ချင်တာ

သူဟာ လူတွေ ကြားက မွေးလာတဲ့ လူထု ခေါင်းဆောင် အစစ်ပါ။ ဖြစ်နိုင်ရင် တကသမှာ သူတို့ချင်း ခေါ်ကြသလို ကိုဗဟိန်း၊ ကိုလှရွှေတို့လို ကိုအောင်ဆန်း လို့သာ ကျွန်တော်လည်း ခေါ်လိုက်ချင်ပါရဲ့။ သို့ပေမဲ့ မဖြစ်နိုင်၊ ခေတ်ချင်း မတူတော့သလို အသက်ချင်းလည်း ကွာသွားပြီလေ။

သခင် အောင်ဆန်း ဆိုတာထက် ဗိုလ်ချုပ် အောင်ဆန်းလို့ လူသိများ အခေါ် များသော်လည်း သူတကာနည်းတူ သူ့နာမည် ရှေ့ ဗိုလ်ချုပ် ဆိုတာ ကြီး ထည့်မခေါ်ချင်တဲ့ အကြောင်းက ဒီလို။

တစ်ခါက Newsweek သတင်း မဂ္ဂဇင်းနှင့် အင်တာဗျူးမှာ နဝတ အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဒေါ်စုနှင့် ပတ်သက်ပြီး After all she is daughter of my fellow general. လို့ ပြောပုံ ဖတ်ဖူးတာ သွား သတိရ လို့ပါ။ ဘာသာ ပြန်လိုက်ရင် တကယ်တော့ ကျွန်တော့်လို ဗိုလ်ချုပ် တစ် ယောက်ရဲ့ သမီးပါတဲ့။

ပြောကြစတမ်းဆို သူက ဗိုလ်ချုပ်ကြီး (Full General)၊ ဗိုလ်ချုပ် အောင် ဆန်းက ဗိုလ်ချုပ် (Major General) ပါ။ သူ့ထက် နှစ်ဆင့် နိမ့်တဲ့ ဗိုလ်ချုပ်လို့ မပြောတာဘဲ ကျေးဇူးတင်ရမလိုလို။ သူတို့နှင့် ဗိုလ်ချုပ် အောင်ဆန်းကို မရော ချင် မယှဉ်ချင်ပေမဲ့ ကျွန်တော် ဘာတတ်နိုင်မှာလဲ။

နဝတ ခေတ် စစ်အစိုးရ သတင်းစာတွေမှာ နေ့တိုင်းလိုလို ကျွန်တော်တို့ မြင်ခဲ့ရတာလည်း ဆက်ရေးပါရစေ။ အပေါ်ဆုံးက ဗိုလ်ချုပ် အောင်ဆန်း၊ အလယ်က ဗိုလ်ချုပ်ကြီး နေဝင်း၊ အောက်ဆုံးက ဗိုလ်ချုပ်မှူးကြီး စောမောင်။ အပေါ်ဆုံးက ရာထူး အနိမ့်ဆုံး ဖြစ်နေသမို့ မြင်တိုင်း စိတ်မချမ်းသာလို့ သူတို့ ထဲက ကျွန်တော်တို့ ဗိုလ်ချုပ် အောင်ဆန်းကို ဆွဲထုတ်ရင်း ဗိုလ်ချုပ် ဆိုတာ ကိုလည်း ချန်ထားခဲ့တယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဗမာ့ ယဉ်ကျေးမှု အရ အောင်ဆန်းလို့ ခေါ်လို့ မဖြစ်။

လူတွေကြား လူထု ခေါင်းဆောင် အစစ် ဆိုတာ ကျွန်တော့် ခေါင်းထဲ ပြန်ဝင်လာပြီ။ ဗမာစာ သင်တုန်းက ဖိုးသူတော် ဦးမင်းနှင့် ကွဲအောင် လူဦးမင်း ဆိုတာ ရှိဖူးတယ်။ ၁၉၂၀ ခု ပထမ ကောလိပ် သပိတ်မှောက် ကျောင်းသား၊ နောက်တော့ ပညာရှင်ကြီး ဦးလူဖေဝင်းကိုလည်း အထင်ကြီး လေးစားသမို့ လူအောင်ဆန်းလို့ ခေါ်လိုက်တာကိုလည်း စာဖတ်သူ အများ နားလည် ကျေနပ် တန် ကောင်းပါရဲ့။

ကျွန်တော်ဟာ ဆင်းရဲ နွမ်းပါးတဲ့ တောသားလေးပါ။ တောသား ဆိုတဲ့ စကားလုံးကိုက လူတကာ နှိမ့်ချလို့ နိမ့်ကျနေမှာ။ လူတောသားတွေရဲ့ ဘဝ ဘယ်လို နေမလဲ ဆိုတာ အထူး ပြောဖို့ မလို။ လူတော တိုးဖို့ မဝံ့မရဲ တောသား တွေကို လူလို သူလို မြင်၊ လူရာ သွင်းတဲ့ ခေါင်းဆောင်ကြီးမို့ လူအောင်ဆန်း လို့ ကျွန်တော့် ရင်တွင်းက ထွက်လာတာလည်း ဖြစ်ပါတယ်။

သို့သော်လည်း ခေတ်တွေ နှစ်တွေ ပြောင်းလဲသွားပြီ။

၁၉၆၂ ခု နောက်ပိုင်း စစ်အာဏာရှင် စနစ် လက်အောက် မြန်မာပြည် ဆင်းရဲ နိမ့်ကျသွားနေတဲ့ထဲ နှမြောစရာ အကောင်းဆုံးက လူတွေရဲ့ အတွေး အခေါ်ပါ။ နိမ့်ကျရာကနေ ပျောက်လုလုနီးပါး။ စာနယ်ဇင်း အမွေဆိုးကို ဆက်ခံကြရလို့ ဖြစ်ပါလိမ့်မယ်။

ထွက်ပေါက် မမြင်လို့ ယနေ့ လူငယ်တွေ ခမျာ အားကိုးအားထား ရှာတဲ့ အခါ ဗိုလ်ချုပ် အောင်ဆန်းကို တွေ့ပါရဲ့။ ဒါပေမဲ့လို့ သေသေချာချာ မသိ ဝိုးတဝါးဝါး။ ရင်ထဲက သူ့ကို ချစ်ပေမဲ့ ပုံစံသွင်းခံ (brain wash) ခေါင်းထဲမှာ ရောထွေးနေတာကို သတင်းသမား အနေနှင့် ကျွန်တော် သတိထားမိ နားလည် စိုးရိမ်ခဲ့တာ ကြာပါပြီ။

နောက်တော့ လမ်းပေါ် ထွက်လာတဲ့ ကျောင်းသားများက မျှော်လင့်ချက် ရောင်ခြည် မဟုတ်လား။ တကသလို့ ပြောကြပေမဲ့ တကသ ဆိုတာ ရေရေ ရာရာ မသိရှာကြ။ ဗကသလို့ အော်နေကြပေမဲ့ သူတို့ ခေါင်းထဲ ရှင်းရှင်းလင်း လင်း မရှိ။ မတွေးတတ် မခေါ်တတ်အောင် အဆင့်နိမ့် ပညာရေး စနစ်အောက် အလွတ် ကျက်ရင်း ကြီးပြင်းခဲ့ရတဲ့ မိဘက မွေးလာတဲ့ ကလေးတွေလေ။

သူတို့ အရွယ်က ကိုအောင်ဆန်းကို ကြည့်ကြပါစို့။

နတ်မောက်က ခုနစ်တန်း အောင်လာတော့ အစ်ကိုကြီး ဖြစ်သူ ရေနံ ချောင်း အမျိုးသား ကျောင်းအုပ် ဦးဘဝင်းဆီ သွားနေရင်း ပညာ ဆက်သင်


mgyoe.com

mgyoe.com
SAMPLE BOOK

ရတယ်။ သူက ကိုအောင်ဆန်းကို သံသေတ္တာ တစ်လုံး ဝယ်ပေးပြီး အဝတ်အစားတွေ သပ်သပ်ရပ်ရပ် ထည့်သိမ်း သော့ခတ်ထားခိုင်းတယ်။ သင်ပေးတဲ့အတိုင်း ကိုအောင်ဆန်း လုပ်ပြီး သော့ မပျောက်စေနှင့် ဆိုလို့ သေတ္တာနှင့် ကပ်လျက် နံရံမှာ သံတစ်ချောင်း ရိုက်ကာ သော့ကို ချိတ်ထားလိုက်သတဲ့။

စာဖတ်သူတို့ ဘယ်လို တွေး ဘယ်လို မြင်သလဲ။ ကိုအောင်ဆန်း စိတ်ထဲ ဝင်ကြည့်ကြရအောင်။ သော့ ပျောက်သွားရင် အရိုက်ခံရမှာ စိုးလို့လား။ ဘယ်သူခိုးက လာဖွင့်မှာလဲလို့ တွေးမိလို့လား။ အဲဒီ ခေတ်အခါက ရှိခဲ့ဖူးတဲ့ လူ့ယဉ်ကျေးမှု အဆင့်အတန်း (Standard of Human Culture) အရ ကိုအောင်ဆန်းက ထော်လော်ကန့်လန့် ခွတိုက်တာတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။

ရန်ကုန် တက္ကသိုလ် ရောက်လာတဲ့ နှစ်မှာပဲ ပဲခူးဆောင် သဟာယနှင့် စာဖတ် အသင်း (Social and Reading Club) မှာ အမှုဆောင် အဖြစ် ဝင်ပြိုင်တော့ ၃၄ မဲ ၂၉ မဲနှင့် ရှုံးသွားတယ်။ အစဉ်အလာ မဟုတ်ဘဲ ကျောင်းသားသစ် တစ်ယောက် ဘယ်သူနှင့်မှ မသိ၊ သူ့ကိုလည်း ဘယ်သူကမှ မသိဘဲ ပဲခူးဆောင်မှာ နေကြတဲ့ ကျောင်းသား တစ်ရာ နီးပါးထဲက ၂၉ မဲ ရအောင် သူ့ စည်းရုံးနိုင်စွမ်းကို မြင်နိုင်ပါလိမ့်မယ်။

တကသ ဆွေးနွေးပွဲတွေမှာ ဝင်မေး ဝင်ပြောတဲ့ အခါ အင်္ဂလိပ် စကားပြော အဆင်မပြေပုံကို ကြည့်ရင်း သူ့အစ်ကို ကိုအောင်သန်းက ရှက်မိတယ်။ သူကိုယ်တိုင်လည်း သိမှာပေါ့။ မပါဘဲလည်း မနေနိုင်၊ အဲဒီတော့ သူ ဘာလုပ်သလဲ ကြည့်။

အင်္ဂလိပ်လို အင်မတန် အပြော ကောင်းတဲ့ ဒေါက်တာ ဘမော်ကို သဘောကျလာကာ သူ့ အခန်း ရှေ့မှာ ခြေဟန် လက်ဟန်နှင့် လေ့ကျင့်နေပုံ အဆောင်သားတွေ ပြုံးကြသတဲ့။ အသံထွက်တို့ လေယူလေသိမ်းတို့ကို စိတ်နှင့်သာ မှတ်ခဲ့ရတာကို သတိပြုကြပါ။

အမျိုးသား ခေါင်းဆောင်ကြီး အဖြစ်နှင့် သူ နောက်ဆုံး မိန့်ခွန်း ပြောသွားချိန် ၁၉၄၇ ခု ဇူလိုင်လ အထိ ကမ္ဘာပေါ်မှာ တိပ်ရိကော်ဒါ အသံသွင်းကိရိယာ မပေါ်သေးဘူး ဆိုတာ ထည့်စဉ်းစားဖို့ စာဖတ်သူတို့ မမေ့ပါနှင့်။

လူငယ်များကို အားပေးတဲ့ 'ဗိုလ်ချုပ် အောင်ဆန်းသည် မိုးပေါ်က ကျလာသူ မဟုတ်' ဆောင်းပါး ကျွန်တော် ရေးခဲ့ဖူးတယ်။

ယနေ့ လမ်းပေါ် ထွက်ကာ ထွက်ပေါက် ရှာကြတဲ့ ကျောင်းသားတွေကို မြင်တော့ ကိုယ်တိုင်လည်း အားတက်ရပြီ။


mgyoe.com

mgyoe.com
SAMPLE BOOK

စာဖတ်သူများမှ တစ်ဆင့် ကျောင်းသားတွေကို လှမ်း ပြောပါရစေ။

လူကို လူလိုမြင်၊ လူလို တန်ဖိုးထားတဲ့ လူသား စိတ်ထား (Humanism) ရှိသူ လူအောင်ဆန်းကို အားကျ ကြိုးစားပါက အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်မလာတာတောင် သင့် ပတ်ဝန်းကျင်ရှိ လူတွေနှင့် ဆက်သွယ်ရေး လမ်းကြောင်း (Line of Communication) ပီပြင် ထိရောက်လာမှာ မုချ။

အဲဒီ ရည်မှန်းချက်နှင့် 'လူတွေ ကြားက လူအောင်ဆန်း' ကို ရေးတာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

## ၃။ ကိုအောင်ဆန်းရဲ့ သင်္ကေတ တကသ

အောင်ဆန်း ဆိုတာ တကသ၊ ဗကသ၊ ကျောင်းသား သပိတ်ရဲ့ အမှတ်အသားမို့ ယနေ့ အခြေအနေနှင့် ဆက်စပ် တွေးတောကြဖို့ ဆက်ရေးလိုက်ပါပြီ။

ယခုခေတ် လူငယ် အတော်များများက တကသနှင့် ဗကသ ရောထွေးနေကြ၊ သတင်းသမားတွေကတောင် တကသ အဆောက်အအုံကို ဗကသလို့ ရေးလို ရေးနှင့်မို့ပါ။

အဲဒီတော့ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (တကသ) Rangoon University Student's Union (RUSU) အကြောင်း စရေးပါ့မယ်။

၁၉၂၀ ခု ပထမ ကောလိပ် သပိတ်က မြစ်ဖျားခံတာ ဖြစ်ပါလိမ့်မယ်။ မှတ်တမ်းတွေထဲ တွေ့ရတာက ၁၉၃၀ ခု စက်တင်ဘာလ ၂၀ ရက်နေ့မှာ စိတ်ဝင်စားကြတဲ့ ကျောင်းသားများ စည်းရုံးကာ ဗာစီတီနှင့် ယုဒသန် ကောလိပ် (Judson College) တို့က ကျောင်းသားထု စည်းဝေးပွဲ ပြုလုပ်ပြီး (၁) ကျောင်းသားထု ဆန္ဒဖြင့်သာ အမှုဆောင် ကော်မတီ ရွေးကောက် တင်မြှောက်ရန်၊ (၂) တက္ကသိုလ် ကျောင်းသား သမဂ္ဂ ဖွဲ့စည်းပုံ စည်းမျဉ်း ရေးဆွဲရန်၊ (၃) အမှုဆောင် ကော်မတီ ရွေးကောက် တင်မြှောက်ရန် ဆုံးဖြတ်ခဲ့တယ်။

ဆုံးဖြတ်ချက် အမှတ် ၂ အရ ဥက္ကဋ္ဌ ကိုကျော်ခင်၊ အတွင်းရေးမှူး ကိုဘဂျမ်း အပါအဝင် ကျောင်းသား ၁၂ ဦးတို့က တက္ကသိုလ် ကျောင်းသား သမဂ္ဂ ဖွဲ့စည်းပုံ စည်းမျဉ်း မူကြမ်းကို ရေးဆွဲခဲ့တာ နိုဝင်ဘာ ၂၄ ရက်နေ့မှာ ပြီးစီးသွားပြီ။ ကျောင်းသားများရဲ့ ဝေဖန်ချက်များ၊ အကြံဉာဏ် ပေးမှုများကို တောင်းခံခဲ့တယ်။

၁၉၃၀ ခု ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ကော်မတီဝင် ၁၂ ဦးနှင့် ကောလိပ် ကျောင်းအုပ်ကြီး နှစ်ဦးတို့ စည်းဝေးပွဲမှာ အောက်စဖို့ တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ ပုံစံမျိုး ဖြစ်စေလိုကြောင်း အကြံပေးတာကို သဘောတူ လက်ခံကာ လိုအပ်သလို ပြင်ဆင် ရေးဆွဲလိုက်ပြီ။



mgyoe.com

mgyoe.com
SAMPLE BOOK

၁၉၃၁ ခု ဇန်နဝါရီလ ၉ ရက်နေ့မှာ ကိုသိန်းမောင် (ဂျပ်ဆင် ကောလိပ်) သဘာပတိ အဖြစ် ဆောင်ရွက်တဲ့ ကျောင်းသားထု အစည်းအဝေးက စည်းမျဉ်း မူကြမ်းကို အတည်ပြုလိုက်တယ်။ ဆုံးဖြတ်ချက် အမှတ် ၃ ဖြစ်တဲ့ အမှုဆောင် ကော်မတီကိုလည်း အဲဒီ အစည်းအဝေးကပဲ ရွေးကောက် တင်မြှောက်လိုက်တာ ကိုကျော်ခင် ဦးဆောင်တဲ့ ကိုးယောက် ဖြစ်တယ်။ အဲဒီ ကိုးဦး ကော်မတီက စည်းမျဉ်း မူကြမ်း အချောသတ် ရေးဆွဲခွင့်၊ ကျောင်းသားများ ကိုယ်စား အာဏာပိုင်များနှင့် ဆွေးနွေးခွင့် စသဖြင့် ရရှိထားတယ်။

အကြိမ်ကြိမ် စည်းဝေး ညှိနှိုင်းကြရပြီးနောက် ၁၉၃၁ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ပူးတွဲ စည်းဝေးပွဲမှာ နှစ်ဖက် သဘော တူလိုက်လို့ ၂၈ ရက်နေ့ မနက် ၁၁ နာရီမှာ အတည်ဖြစ် တရား ဝင်လာတာမို့ ကိုကျော်ခင်လည်း တကသ ဖြစ်မြောက်ရေး ယာယီ ဥက္ကဋ္ဌ ဦးကျော်ခင် ဖြစ်လာပြီ။ တကသ အဆောက်အအုံကိုလည်း ကိုးဦး ကော်မတီ လက်သို့ လွှဲပြောင်းပေးလိုက်တယ်။

ဒီနေရာမှာ အာဏာပိုင် ဆိုတာ ရှင်းပြဖို့ လိုလာပြီ။ ရန်ကုန် တက္ကသိုလ်ဟာ အစိုးရ ပိုင်ဖို့ ဝေးလို့ အစိုးရ လက်အောက်ခံတောင် မဟုတ်ဘူး။ သီးခြား လွတ်လပ်တဲ့ တက္ကသိုလ် (Independent University) ဆိုတာ ထောက်ပြပါရစေ။ အာဏာပိုင် ဆိုတာ အုပ်ချုပ်တဲ့ ကောင်စီကို ဆိုလိုတာပါ။ ဆရာတွေသာ ပါဝင်တဲ့ ဆီးနိတ်က ပညာရေး ကိစ္စတွေကို ကိုင်တွယ်ပြီး ကောင်စီက အုပ်ချုပ်ရေး အဖွဲ့မို့ ကိုးဦး ကော်မတီနှင့် ဆွေးနွေးကြတာပေါ့။

နောက်ပိုင်းကျရင် ပိုရှင်းသွားပါလိမ့်မယ်။

တကသ အဆောက်အအုံ ဘယ်လို ပေါ်လာသလဲ၊ ကြည့်ကြပါစို့။

၁၉၂၇ ခုနှစ် ရန်ကုန် တက္ကသိုလ် အဓိပတိ အင်္ဂလိပ် ဘုရင်ခံ ဆာ ဟားကုတ် ဘတ်တလာ (Sir Harcourt Butler) က မေတ္တာ ရပ်ခံလို့ မြန်မာ သူဌေးကြီး ဦးညိုရဲ့ အလှူငွေနှင့် စတင် ဆောက်လုပ်တာ ဖြစ်ကြောင်း၊ ဒီဇင်ဘာလ ၅ ရက်နေ့မှာ ဆာ ဟားကုတ် ဘတ်တလာက အုတ်မြစ်ချကြောင်း၊ ၁၉၃၀ ခု နှစ်ဆန်းမှာ ပြီးစီးသွားတော့ ရန်ကုန် တက္ကသိုလ် ကျောင်းအုပ် မစ္စတာ စလော့စ် (D.J. Sloss) က ဦးညိုအား ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ အပ်နှင်းကြောင်း စသဖြင့် မှတ်တမ်းများမှာ တွေ့ရတယ်။

၁၉၅၃ ခု ကျွန်တော် ရန်ကုန် တက္ကသိုလ် ရောက်လာတော့ Gift of U Nyo လို့ သံပန်းမှာ ရေးထိုးထားတဲ့ တကသ အဆောက်အအုံကို ရောက်ဖူးခဲ့တယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

၁၉၆၂ ခု ဇူလိုင်လ ၈ ရက်နေ့ မနက် အထိ ရှိနေခဲ့တဲ့ အဲဒီ တကသ အဆောက်အအုံ ဘယ်လို ဆိုတာ နောက်ပိုင်းမှာ အသေးစိတ် ဆက်ရေးပါ့မယ်။ ကျွန်တော့် တစ်သက် ပထမဆုံး အကြိမ် အဖြစ် တကသ ရွေးကောက်ပွဲမှာ မဲပေးခဲ့ဖူးပုံရောပေါ့။ ခုတော့ မှတ်တမ်းတွေဘက် ပြန်လှည့်ကြပါစို့။

တကသ အမှုဆောင် ရွေးကောက် တင်မြှောက်ဖို့ အာဏာ အပ်နှင်းခြင်း ခံရတဲ့ ကိုးဦး ကော်မတီ ခေါင်းဆောင် ကိုကျော်ခင်ဟာ တကသ ဖြစ်မြောက်ရေး ယာယီ ဥက္ကဋ္ဌ ဖြစ်လာပြီ။ တကသ ဥက္ကဋ္ဌ နေရာ အတွက် ယှဉ်ပြိုင်တဲ့ ကျောင်းသား ကိုထွန်းစိန်ကို အဆိုတင် ထောက်ခံ၊ ကိုအိန်ကိုလည်း အဆိုတင် ထောက်ခံနှင့်မို့ ကျောင်းသားထု ဆန္ဒမဲ ပေးရာမှာလည်း မဲ အရေအတွက်ချင်း သွားပြီး တူနေလို့ တကသ စည်းမျဉ်း အရ တကသ ဖြစ်မြောက်ရေး ယာယီ ဥက္ကဋ္ဌက အဆုံးအဖြတ်မဲ ပေးရပါတယ်။

တကသ အဆောက်အအုံ စည်းဝေး ခန်းမမှာ ဦးကျော်ခင်က 'အရွေး ခံရသူ ဦးထွန်းစိန် ခင်ဗျာ၊ တကသ ဥက္ကဋ္ဌ နေရာ ယူဖို့ ဖိတ်ခေါ်ပါတယ် ခင်ဗျာ' လို့ ကြေညာ၊ ကျောင်းသားထုရဲ့ သြဘာသံနှင့် တကသရဲ့ ပထမဆုံး ရွေးကောက်ပွဲ၊ အမှုဆောင် ကိုးယောက် စသဖြင့် စတင်လာခဲ့တဲ့ တကသ သမိုင်း ဘယ်လောက် အထိ စနစ်ကျပုံတို့ကို ကျွန်တော်ဟာ သတင်းသမားတို့ရဲ့ ကျင့်ဝတ်နှင့် အညီ အချက်အလက်မှန်ပေါ်သာ အခြေခံကာ ကိုယ်ပိုင် အယူအဆ အမြင် ကင်းစွာ လေ့လာ ရေးသားလိုက်တာပါ။

လူတွေ ကြားက လူအောင်ဆန်းကို နားလည်ဖို့ သူ့ရဲ့ သင်္ကေတ တစ်ခု ဖြစ်တဲ့ တကသကို သိဖို့ လိုအပ်တယ် မဟုတ်ပါလား။


mgyoe.com

mgyoe.com SAMPLE BOOK



The young leader of the ABSU

တကာသ ဥက္ကဋ္ဌ ကိုအောင်ဆန်း



mgyoe.com

mgyoe.com SAMPLE BOOK

## ၄။ တကသ နှင့် ဗကသ ကြားက ကိုအောင်ဆန်း

ရန်ကုန် တက္ကသိုလ် ရောက်မလာခင် ကတည်းက ကိုအောင်ဆန်းဟာ ခွဲကြည့် ခွဲမြင်တတ်သူလို့ ဆိုနိုင်တယ်။ နတ်မောက်မှာ မဟုတ်သည့်တိုင် ရေနံချောင်း ရောက်တော့ သူ ပညာ ဆက်သင်ရတာက အမျိုးသား အထက်တန်းကျောင်းပါ။

၁၉၂၀ ခု ပထမ ကောလိပ် သပိတ်က ပေါက်ဖွားလာတာ။ အစိုးရ ဟိုက်စကူး ကျောင်းတွေလိုပဲ ဖွင့်လို့ရ ဖွင့်နိုင်တယ် ဆိုတာ ကိုအောင်ဆန်း ကိုယ်တိုင် ကြုံရ မြင်ရပြီ။ ကောလိပ်က B.A, B.L အောင်လာတဲ့ သူ့အစ်ကို အကြီးဆုံး ကိုဘဝင်းက ကျောင်းဆရာ။ မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက် ထားတာကို မကြိုက်ပေမဲ့ ရန်ကုန် တက္ကသိုလ် ဆိုတာ နယ်ချဲ့ စနစ် ဖြန့်ဖြူး ရာ မဟုတ်၊ ပညာ ဆည်းပူးဖို့လို့သာ သူ မြင်ကြောင်း ကျွန်တော် လေ့လာ တွေ့ရှိရပြီ။

ကျောင်းစာ အပြင် အသင်းအဖွဲ့ သဘောကိုတော့ ကိုအောင်ဆန်း စိတ် ဝင်စားလို့လည်း ပဲခူးဆောင် သဟာယနှင့် စာဖတ် အသင်းမှာ ဝင်ပြိုင်၊ တကသ ဟောပြောပွဲတွေမှာ ဝင်မေး ဝင်ဆွေးနွေးတာပေါ့။ အဆင် မပြေရင် ပြေအောင် ဘယ်လို လုပ်သလဲ ဆိုတာ ဒေါက်တာ ဘမော် အင်္ဂလိပ်လို ပြောသလို လေ့ ကျင့်တယ်။

ကြည့် ကိုအောင်ဆန်း တွေးပုံ ရှင်း၊ လုပ်ပုံ ပြတ်တယ် မဟုတ်လား။

အဲဒီလောက်နှင့် သူက ရပ်ချင်သူ မဟုတ်။ ပိုသိချင် ပိုလုပ်ချင်သူမို့ အဖော် ရှာရတယ်။

တကသ သမိုင်းမှာ ၁၉၃၄-၃၅ ခု ပြောင်းလဲခြင်း အစလို့ ဆိုကြရတာက အမှုဆောင် အဖွဲ့ထဲမှာ မန္တလေး ဥပစာ ကောလိပ်က ကိုသိန်းဖေနှင့် ကိုကျော် ငြိမ်းတို့ရဲ့ လုပ်ရပ်တွေကြောင့်ပါ။

အဲဒီ ကျောင်းသား နှစ်ယောက်ထံ ချဉ်းကပ်ကာ ကိုအောင်ဆန်းက မိတ် ဖွဲ့တယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

အသိ ဖြစ်လာပြီမို့ ဘွဲ့နှင်းသဘင် အဆောက်အအုံ ရှေ့ ညဘက် မှောင်မှောင်မှာ သုံးယောက်သား ကျောင်းသားရေးထက် ပိုကာ နိုင်ငံရေးလည်း ပြောဖြစ်ကြတယ်။ ကိုအောင်ဆန်းက အသက် အငယ်ဆုံး။ ပြီးတော့ ကိုသိန်းဖေနှင့် ကိုကျော်ငြိမ်းတို့က တကသ အမှုဆောင် လူကြီးတွေလေ။ သူ သိချင်တာ ဘယ်သူ့ဆီက ဘယ်လို ယူရမယ် ဆိုတာ ကောင်းကောင်း နားလည်ထားလို့ လိုအပ်မှ မေး၊ အများအားဖြင့် ကိုအောင်ဆန်းက နားသာထောင်တယ်။

သထုံဆောင်က Hall Tutor ဦးအုန်းက ဘီအယ်လ် လာတက်နေတဲ့ ကျောင်းဆရာ ကိုနုနှင့် မိတ်ဆက်ပေးလို့ လေးယောက်သား နိုင်ငံရေး ဆွေးနွေးလေ့ ရှိကြတယ်။ Hall Tutor ဆိုတာက နည်းပြ ဆရာတွေထဲက အဆောင်တစ်ထပ်စီမှာ တစ်ယောက်ကျစီ နေထိုင်ရပြီး ဒုတိယ အဆောင်မှူးအား ကူညီရင်း အဆောင်သားများကို စစ်ဆေးရတဲ့ သူပါ။

နုတ်ထွက်သွားတဲ့ တကသ ဒု ဥက္ကဋ္ဌ နေရာ ကိုနု ရအောင် လုပ်ဆောင်ရတာ မခက်ခဲလိုက်ပါ။ ပြိုင်ဘက် မရှိ အရွေးခံလိုက်ရတယ်။ ၁၉၃၅-၃၆ ပညာသင်နှစ် တကသ ရွေးကောက်ပွဲကျတော့လည်း အောင်ပွဲ ခံလိုက်ကြပြန်ပြီ။

ကိုနု ဦးဆောင်တဲ့ တကသ အမှုဆောင် အဖွဲ့မှာ ကိုသိန်းဖေနှင့် ကိုကျော်ငြိမ်းတို့ မပါတော့ဘူး။ ကိုအုန်းက ငွေထိန်း၊ ကိုအောင်ဆန်းက အိုးဝေ မဂ္ဂဇင်း တာဝန်ခံ ဖြစ်လာတယ်။

သူ ရေးတဲ့ 'အနိုင်မခံ စိတ်ဓာတ်' ဆိုတဲ့ အယ်ဒီတာ့ အာဘော်က လျှမ်းလျှမ်းတောက်ပါ။

Hell Hound at large 'ငရဲခွေးကြီး လွတ်နေပြီ' ဆောင်းပါး ရေးသူ ကလောင်ဝှက် ရာမမင်း ဘယ်သူလဲ ဆိုတာ ရန်ကုန် တက္ကသိုလ် ကျောင်းအုပ်ကြီး မစ္စတာ စလော့စ်က မေးတာကို ကိုအောင်ဆန်းက အယ်ဒီတာ့ ကျင့်ဝတ်အရ ထုတ်မပြောဘူး။ အဲဒီလိုကနေ ဒုတိယ ကောလိပ် သပိတ်ကြီး ဖြစ်လာပြီ။

ဂျပ်ဆင် ကောလိပ်၊ မန္တလေး ဥပစာ ကောလိပ် ကျောင်းသား သမဂ္ဂတို့ကလည်း ပူးတွဲ သပိတ်မှောက်ကာ အချက် ၁၀ ချက် တောင်းဆိုတယ်။ သပိတ်မှောက် ကျောင်းသားများအား ဒီးဒုတ် ဦးဘချို ခေါင်းဆောင်တဲ့ စောင့်ရှောက်ရေး အဖွဲ့က နေထိုင် စားသောက်ရေး တာဝန် ယူ၊ တို့ဗမာ အစည်းအရုံးက သခင်များက လာရောက် အားပေး၊ သတင်းစာများက ထောက်ခံ ရေးသား


mgyoe.com

mgyoe.com
SAMPLE BOOK

ကြလို့ ဗမာ တစ်ပြည်လုံး သပိတ် သတင်းနှင့် ကိုအောင်ဆန်း နာမည်ကို လည်း နည်းနည်းပါးပါး သိလာကြတယ်။

သပိတ် မလှန်လို့ မတ်လမှာ စစ်နေကျ စာမေးပွဲကို ဇွန်လသို့ ရွှေ့ပေး လိုက်ရတာ အောင်ပွဲ အစ။

နောက်တော့ တောင်းဆိုချက်ထဲ မပါတဲ့ ကျောင်းအုပ်ကြီး မစ္စတာ စလော့စ် နေရာမှာ ဦးဖေမောင်တင် ဖြစ်လာတာတောင် အပို ရလိုက်သေး။

ကိုအောင်ဆန်းတို့ဟာ ဒေါက်တာ ဘမော်၊ တက္ကသိုလ် ကောင်စီဝင်များ၊ အစိုးရ၊ ပါလီမန်တို့နှင့် ဆွေးနွေးမှုတို့ကြောင့် နိုင်ငံရေး နိုးကြားမှု များစွာ ရရှိလိုက်ကြောင်း မှတ်တမ်း တင်ထားတာတွေ အများကြီး ရှိတယ်။

ဒေါက်တာ ဘမော် ဆိုတာ ဗမာတွေထဲက ပထမဆုံး ရန်ကုန် တက္ကသိုလ် အင်္ဂလိပ်စာ ဌာနမှူး၊ ဂငျုန် ဆရာစံဘက်ကနေ အမှုမှာ ရှေ့နေ လိုက်သူ၊ ပထမ ဆုံး နန်းရင်းဝန် (နောက်ပိုင်း အခေါ် ဝန်ကြီးချုပ်) ဆိုတာ သိထားပုံရတဲ့ ကို အောင်ဆန်း အဲဒီ ကတည်းက မျက်စိ ကျတာလို့ ဆိုနိုင်ပါတယ်။

ဒုတိယ ကောလိပ် သပိတ်ရဲ့ အထူးခြားဆုံးက ကောလိပ် ကျောင်းသား များရဲ့ လှုပ်ရှားမှု တန်းမြင့် ကျောင်းများ အထိ ပြန့်သွားလို့ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ဗကသ) All Burma Student's Union (ABSU) မွေးဖွားလာခြင်းပါ။

ပထမဆုံး ဗကသမှာ ကိုရာရှစ် ဥက္ကဋ္ဌ ဖြစ်လာပြီး ကိုအောင်ဆန်းက အထွေထွေ အတွင်းရေးမှူး။

တကသက အဆောက်အအုံက ရှိပြီးသားမို့ စည်းဝေးပွဲ ကျင်းပ ကျင်းပ၊ ရွေးကောက်ပွဲ လုပ်လုပ် အဆင်ပြေတယ်။ ဗကသ ဆိုတာက တစ်ပြည်လုံးက ကိုယ်စားလှယ်တွေ တက်ရောက်ကြတာမို့ ညီလာခံ လုပ်ဖို့ နေရာလိုလို့ ရှာကြ ရပြီး ဂျူဗလီဟောမှာ ကျင်းပရတယ်။


mgyoe.com

mgyoe.com SAMPLE BOOK



တက္ကသိုလ် အဆောက်အဦ
(၈၊ ၇၊ ၆၂) နေ့မှာ ဗိုင်းနမိုက်နှင့် ဖြိုဖျက်ခံရ

mgyoe.com

mgyoe.com SAMPLE BOOK

## ၅။ တကာသကို သိဖို့ ကြည့်တတ် မြင်တတ်လို

'လူတွေ ကြားက လူအောင်ဆန်း' စာအုပ်ဟာ သမိုင်း မဟုတ်သလို နိုင်ငံရေး သုံးသပ်ချက်လည်း မဟုတ်ပါ။ သူ ဘယ်လောက် လူဆန်တယ်၊ သာမန် လူတွေကို ဘယ်လောက် အထိ တန်ဖိုးထားတယ် စသဖြင့် သူ့ရဲ့ စရိုက်၊ အတွင်းစိတ်ကို အတတ်နိုင်ဆုံး ကျွန်တော် လေ့လာ ရေးသားပါတယ်။

သို့သော်လည်း သူက သာမန်လူ တစ်ယောက် မဟုတ်လေတော့ သူ့သမိုင်းရော သူ့ နိုင်ငံရေးရော ပါသင့်သလောက် ပါရပေမပေါ့။ နောက် တစ်ချက် ကျွန်တော်က ယနေ့ လူငယ်တွေကို အဓိကထား ရေးသားတာမို့ သိသင့်သိထိုက်တာတွေ ချန်ထားရင် သူတို့ ဖတ်ရကျိုး မနပ် ကျွန်တော်လည်း ရေးရကျိုး မနပ် ဖြစ်သွားမယ် မဟုတ်လား။

ကိုအောင်ဆန်း ကနဦး နိုင်ငံရေး သင်ယူ လေ့ကျင့်ရာ တကာသကို နေရာပေး ရေးသားပါရစေ။ ရန်ကုန် တက္ကသိုလ် အက်ဥပဒေက တကာသကို ကျောင်းသား အားလုံးကို ကိုယ်စားပြုတယ်လို့ တရားဝင် အသိအမှတ် ပြုထားတာပါ။ အဲဒါကြောင့် တက္ကသိုလ် ကောင်စီမှာ တကာသ ကိုယ်စားလှယ် နှစ်ယောက်ထည့်ပေးထားလို့ တကာသ ဥက္ကဋ္ဌဟောင်း ဦးရာရှစ်၊ ဦးအောင်ဆန်းတို့တောင်တာဝန် ယူဖူးကြပါတယ်။

ကျွန်တော့် ကိုယ်တွေ့ကို ရေးပါပြီ။

၁၉၅၃ ခု တက္ကသိုလ် ဝင်ခွင့် လျှောက်လွှာ တင်တဲ့ အခါမှာ တကာသဝင်ကြေး တစ်ကျပ်ပါ သူတကာ နည်းတူ သွင်းရတယ်။ အဲဒါကြောင့် ကျောင်းသားတိုင်းဟာ တကာသဝင်။ အဲဒီ ငွေတွေကို တက္ကသိုလ်ရုံး ငွေကြေး တာဝန်ခံက သိမ်းဆည်းထားပြီး တကာသ ဘဏ္ဍာရေးမှူးက အမှုဆောင် အဖွဲ့ရဲ့ ခွင့်ပြုချက်နှင့် လိုအပ်သလောက် ထုတ်ယူတယ်။ ဘယ်ကိစ္စ ဘယ်လောက် သုံးသလဲလို့ ကျောင်းသားတိုင်း မေးမြန်းခွင့် ရှိသလို နှစ်ကုန်တဲ့ အခါ ကျောင်းသားထုအစည်းအဝေးမှာ ရှင်းလင်း အစီရင်ခံရတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

နောက် တကသရဲ့ ဝင်ငွေ တစ်ခုက တကသ အဆောက်အအုံမှာ ဖွင့်ထားတဲ့ စာအုပ်ဆိုင်၊ စားသောက်ဆိုင်၊ ဆံပင်ညှပ်ဆိုင်တို့ ငှားခက ရတာပါ။ တကသ လက်နှိပ်စက် စာရေး၊ အဆောက်အအုံထိန်းနှင့် မာလီတို့သာ လခစား။ တကသ အမှုဆောင် အားလုံး ကိုယ့်ထမင်း ကိုယ်စား။ တကသ ဆိုင်မှာ အခမဲ့ ဆံပင်ညှပ်လို့ မရ၊ လက်ဖက်ရည် တစ်ခွက် သောက်ရင်လည်း ကျသလောက် ရှင်း။

ဘယ်လောက် အထိ စည်းကမ်းရှိ စနစ်ကျသလဲ ဆိုတာ စာဖတ်သူတို့ စဉ်းစားကြည့်။ မှတ်တမ်းတွေက ကူးတာ မဟုတ်၊ ကျွန်တော့် မျက်မြင် ကိုယ်တွေ့ကို ရေးတာပါ။ တကသမှာ အမှုဆောင် လုပ်ရတာ သားစဉ် မြေးဆက် ဂုဏ်ယူစရာမို့ အခမဲ့ စားဖို့ တွေးပင် တွေးမိကြမယ် မထင်။ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့ ခေတ်ကာလမို့ ဆိုတာ ကျွန်တော်လည်း ဂုဏ်ယူစွာ ရေးပါရစေ။

ဒီနေရာမှာ ဖြတ်ပြီး ပြောပါရစေ။

ဗကသမှာ အဲဒီလို ငွေကြေး မရှိဘူး။ ဘာ့ကြောင့်လဲ။ ဗကသ အဖွဲ့ဝင် ဦးရေက တကသ အဖွဲ့ဝင်ထက် ပိုများသည့်တိုင် ဝင်ကြေး ကောက်ခံ ထိန်းသိမ်းပေးမည့် စနစ်နှင့် ဌာန မရှိလို့ပါ။ ပညာရေး ဝန်ကြီးဌာနကလည်း တာဝန်ယူဖို့ နေနေသာသာ ဗကသနှင့် ပူးပေါင်း ဆောင်ရွက်ပုံ မမြင်ဖူးဘူး။ ဆက်ဖတ်သွားရင် နောက်ပိုင်း ရှင်းသွားပါလိမ့်မယ်။

တကသ အဆောက်အအုံကို ကြည့်ကြပါစို့။

အောက်ထပ်မှာ အကုန်နီးပါး ဆိုင်ခန်းတွေ၊ အပေါ်ထပ် တစ်ဝက်ကျော်က ကျောင်းသားထု စည်းဝေးပွဲ၊ ဟောပြောပွဲတို့ လုပ်ရာ ခန်းမကြီး၊ ဥက္ကဋ္ဌရုံးခန်း၊ အတွင်းရေးမှူး ရုံးခန်းမှာ လက်နှိပ်စက် စာရေး အတွက် စားပွဲ၊ စာကူးစက် စတဲ့ တကသ ရုံးသုံး ပစ္စည်းများ၊ စာကြည့်တိုက်ခန်းမှာ စာအုပ် ဗီရိုတွေ၊ သတင်းစာတွေ။

တကသမှာ ဘယ်သူမှ မနေရ။ ည မအိပ်ရ။

ကိုအောင်ဆန်း တကသမှာ အိုးဝေ အယ်ဒီတာ၊ ဒု ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ တာဝန်ယူသွားချိန်ကနှင့် ကျွန်တော်တို့ခေတ် အစစအရာရာ အတူတူပါ။

မျက်နှာကြက်ထဲကို လူ ဝေးလို့ အိမ်မြှောင်တောင် ဝင်လို့ မရ။ အဲဒါကြောင့် တကသ အဆောက်အအုံကို ဖြိုဖျက်ချလိုက်ရတာဟာ မျက်နှာကြက်ထဲ ကျောင်းသားတွေ ပုန်းနေလို့ ဆိုတာတွေ၊ ဖြိုဖျက်ချလိုက်တော့ အလောင်းတွေနှင့် ဆိုတာတွေဟာ လုံးဝ မမှန်၊ ယုတ္တိလည်း မရှိ။


mgyoe.com

mgyoe.com
SAMPLE BOOK

အဲဒီ အချိန်က ကျွန်တော်ဟာ တကသကို ဆယ်မိနစ်လောက် လမ်းလျှောက်သွားလို့ ရတဲ့ အာတီးယားလမ်း ဘော်ဒါဆောင်မှာ နေတယ်။ ပေါက်ကွဲသံကြီး ကြားလိုက်ရပြီး ချက်ချင်း သွားပြေး ကြည့်ခဲ့လို့ မျက်မြင် ကိုယ်တွေ့ ရေးနိုင်တာပါ။

တကသ ရွေးကောက်ပွဲကို ပါမောက္ခ ခြောက်ယောက် ပါတဲ့ အဖွဲ့က ကြီးကြပ်ပြီး တကသ ဥက္ကဋ္ဌက ရွေးကောက်ပွဲ အရာရှိ အဖြစ် တာဝန် ယူရတယ်။ မဲရုံ နေရာများ၊ ဖွင့်ချိန် ပိတ်ချိန်၊ ဘယ်အတန်းသား ဘယ်နေရာ စတာတွေ ဖော်ပြတဲ့ ပုံနှိပ် လက်ကမ်း စာရွက်တွေ တစ်ပတ်လောက် ကတည်းက ကြိုတင် ဝေငှထား၊ မှတ်ပုံတင် စာရင်းက မဲစာရင်း၊ တက္ကသိုလ် ကျောင်းသားကတ်ပြား (Identity Card) နှင့် လက်မှတ်ထိုး မဲပြား ထုတ်ယူ မဲပေးကြရတယ်။

မဲရုံတွေ ပိတ်တဲ့ အခါ မဲပုံးတွေ အားလုံး ဘွဲ့နှင်းသဘင် ခန်းမသို့ သယ်ဆောင်သွားပြီး သီးသန့် နေရာမှာ ပါမောက္ခ တစ်ဦး၊ အရွေးခံသူတို့ရဲ့ ကိုယ်စားလှယ်များ အသီးသီး စစ်ဆေးပြီး နောက်ဆုံး ရွေးကောက်ပွဲ အရာရှိက အတည်ပြုကာ မဲများကို ရေတွက်ရတာပါ။ ပြီးစီးသွားတဲ့ အခါ ဘယ်သူ မဲ ဘယ်လောက် ရတယ်၊ ဘယ်သူတွေ မဲ ဘယ်လောက် ရကြတယ်၊ ဘယ်သူတွေ အရွေးခံရတယ် စသဖြင့် ပါမောက္ခ ခြောက်ယောက်နှင့် ရွေးကောက်ပွဲ အရာရှိတို့ အားလုံး လက်မှတ်ထိုး ထုတ်ပြန် ကြေညာပါတယ်။

ကျွန်တော် တကသ အမှုဆောင် မဖြစ်ဖူးသော်လည်း ရွေးကောက်ပွဲ ဝင်သူရဲ့ ကိုယ်စားလှယ် အဖြစ် မဲ ရေတွက်ရာမှာ နှစ်ကြိမ် တာဝန် ယူဖူးလို့ ခုလို ရေးနိုင်တာပါ။

ရွေးကောက်ပွဲ အရာရှိ (လက်ရှိ တကသ ဥက္ကဋ္ဌ) ရှေ့မှာ အရွေးခံရသူက ကျမ်းကျိန်ပြီးနောက် တကသ အမှုဆောင် အဖွဲ့ဟောင်း သက်တမ်း ကုန်ဆုံးကာ တကသ အမှုဆောင် အဖွဲ့သစ်ရဲ့ သက်တမ်း စတင်ပါပြီ။

အက်ဥပဒေ အရ တကသဟာ ရန်ကုန် တက္ကသိုလ်ရဲ့ အစိတ်အပိုင်း ဖြစ်တာမို့ တကသရဲ့ လုပ်ရပ် အားလုံးကို စည်းမျဉ်း အစဉ်အလာနှင့် အညီသာ လုပ်လို့ ရပါတယ်။

အဲဒါကြောင့် အာဏာသိမ်း ဗိုလ်ချုပ်ကြီး နေဝင်းက ၁၉၆၂ ခု မေလ ၉ ရက်နေ့မှာ ရန်ကုန် တက္ကသိုလ် အက်ဥပဒေကို ဖျက်သိမ်းကြောင်း ဦးစွာကြေညာပြီးမှ ၁၉၆၂ ခု ဇူလိုင်လ ၈ ရက်နေ့ မနက်မှာ တကသ အဆောက်အအုံကို ဖြိုဖျက်တာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

ဟိုအချိန်က ၂၅ နှစ်သားမို့ ဒေါသသာ ထွက်ခဲ့ရ၊ ၅၃ နှစ်ကျော် အကြာ လေ့လာတဲ့ သတင်းသမားမို့ 'လူတွေကြားက လူအောင်ဆန်း' စာအုပ်ကျမှ ခုလို ရေးနိုင်လို့ ကျေနပ်ပါပြီ။

ဗကသ ခေါင်းဆောင်များ တကသ အဆောက်အအုံမှာ နားလည်မှုနှင့်သာ နေရသော်လည်း ရုံးခန်း မရှိ၊ ဥပဒေကြောင်း အရ တရားဝင် နေရာ ပေးလို့လည်း မရပါ။

ဗကသနှင့် တကသ ရောထွေးနေကြသူများ ခုဆို ရှင်းလောက်ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

## ၆။ ဗကသ ညီလာခံ အတွက် မန္တလေးသား နှစ်ယောက် ရှာတွေ့ပြီ

ဗကသ (ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ်) All Burma Student's Union (ABSU) စတင် ဖွဲ့စည်းလိုက်တဲ့ အခါ အထွေထွေ အတွင်းရေးမှူး ဖြစ်လာတဲ့ ကိုအောင်ဆန်းဟာ တကသ အမှုဆောင် အဖွဲ့မှာ ဒုဥက္ကဋ္ဌပါ။ ဗကသ ဥက္ကဋ္ဌ ကိုရာရှစ်ကလည်း တကသ ဥက္ကဋ္ဌ။ လူတွေ အနေနှင့် အဆင်ပြေသော်လည်း အဖွဲ့အစည်းချင်း အထူးသဖြင့် ဗကသနှင့် တကသ သဘောသဘာဝချင်း ကွဲပြားပုံကို စတင် ရင်ဆိုင်ရပြီ။

အထူးသဖြင့် အထွေထွေ အတွင်းရေးမှူး ကိုအောင်ဆန်းဟာ ဗကသရဲ့ ရှေ့ရေးကို တွေးပူနေကြောင်း အဲဒီ အချိန်က သူ ပြောတာ၊ ရေးတာ၊ လုပ်တာတွေက ဖော်ညွှန်းနေတယ်။ ရန်ကုန်မြို့ ဂျူဘလီဟောမှာ ကျင်းပတဲ့ ထိုစဉ်က အခေါ် ကွန်ဖရင့်က ပထမဆုံး အကြိမ်မို့ လစ်ကွက် ဟာကွက်များ ရှိခဲ့တာတွေကို နားလည် ခွင့်လွှတ်ကြပေလိမ့်မယ်။ နောက်အကြိမ်တွေကျ ပိုမို ကျယ်ပြန့် စနစ်ကျဖို့ လိုအပ်တယ် မဟုတ်လား။

တက်လာကြတဲ့ နယ်က ကျောင်းသား သမဂ္ဂများရဲ့ စိတ်အား ထက်သန်မှုက တစ်ဖက်က အားရဖို့ ကောင်းသလို တခြား တစ်ဖက်ကလည်း မိမိတို့ ဗကသ အမှုဆောင် အဖွဲ့ အတွက် တာဝန် ပိုကြီးလာပြီလို့ ကိုအောင်ဆန်း မြင်သိလို့လည်း ဗကသ အစွန့်ရှည်ရေး အတွက် အားသွန်ပုံ လေ့လာ တွေ့ရှိရပါတယ်။

ကိုအောင်ဆန်းဟာ လူလူချင်း ဆက်ဆံရေးမှာ သူမတူအောင် ပါးနပ်လှပေတယ်။ သူ့ လက်အောက်က လူငယ် ဖြစ်စေ၊ အထက်က လူကြီး ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက် ရဲဘော်ချင်း ဖြစ်စေ လေးစားစွာ တန်ဖိုးထားတယ်။ စကားပြော ဘုကျ၊ မျက်နှာက မုန်ကုပ်ကုပ်၊ ဆံပင် စုတ်ဖွား၊ အဝတ်အစား မသေမသပ်နှင့် ကိုအောင်ဆန်းကို မုန်းသူရယ်လို့ ရှာမှ ရှား။ ဘာ့ကြောင့်လဲ တွေးကြည့်။



mgyoe.com

mgyoe.com.
SAMPLE BOOK

တက္ကသိုလ် ရောက်စက အင်္ဂလိပ် စကားပြော ကောင်းသူ အဖြစ်နှင့်သာ အားကျခဲ့တဲ့ ဒေါက်တာ ဘမော်၊ သပိတ် ကာလ အတွင်းကျတော့ နိုင်ငံရေး၊ စည်းရုံးရေး စတာတွေပါ သိခွင့်ရလို့ မျက်စိ ကျပုံ ကျွန်တော် ရေးခဲ့ပြီးပြီ။ အဲဒီ သပိတ် ကာလ အတွင်းမှာပဲ ကိုအောင်ဆန်း ဆုံခွင့်ရ၊ အတူ တွဲလုပ်ခွင့်ရ၊ မျက်စိ ကျခဲ့ရသူက မန္တလေး ဥပစာ ကောလိပ် ကျောင်းသား သမဂ္ဂ ခေါင်းဆောင် ကိုဗဟိန်းပါ။

ကိုအောင်ဆန်းနှင့် ကိုဗဟိန်း ဘယ်လောက် အထိ တွဲမိသလဲဆို နှစ် ရှစ်ဆယ် နီးပါး ကြာလာတဲ့ အထိ ဗကသ၊ တကသ ကျောင်းသား လှုပ်ရှားမှုဆို သူတို့ နှစ်ယောက်ကို သိသိ မသိသိ အရင်ဆုံး သတိရကြတယ် မဟုတ်လား။ နောက်တစ်ချက်က အဲဒီ အချိန်ထိ ကိုအောင်ဆန်းဟာ ပညာရေး စနစ်နှင့် သာမန် လူတွေ၊ ဆင်းရဲသားတွေ ပညာ သင်ခွင့် ရရေး၊ ဗကသ ပီပြင် အစွန့် ရှည်ရေးကိုသာ ဦးစားပေးတယ်။

လွတ်လပ်ရေး အတွက် နိုင်ငံရေး၊ အထူးသဖြင့် တို့ဗမာ အစည်းအရုံးရဲ့ လုပ်ဆောင်ချက်တွေကို စိတ်ဝင်စား အားပေးသော်ငြားလည်း ကျောင်းသား လှုပ်ရှားမှုနှင့် အရောမခံဘဲ ခွဲထားတာ လေ့လာကြည့်ရင် တွေ့မြင်နိုင်ပါလိမ့်မယ်။ ဒါဟာ အင်မတန် အရေးကြီးပါတယ်။ ဗကသ ဆိုတာ နိုင်ငံရေးနှင့် ကင်းရှင်းရမယ်လို့ မဆိုလို၊ နိုင်ငံရေး အဖွဲ့အစည်းရဲ့ သြဇာခံ အဖြစ် ကိုအောင်ဆန်း မလိုလားဘူး ဆိုတဲ့ အချက်ပါ။

ဘယ်အခါ ဘယ်နေရာမှာ ဘာလုပ်လုပ် စည်းနှင့် ကန့်ထား ခြားထားလေ့ရှိသူ ကိုအောင်ဆန်းက ဗကသကို သီးခြား လွတ်လပ်တဲ့ ကျောင်းသား အဖွဲ့အစည်း၊ တကသက တက္ကသိုလ် ကျောင်းသား အားလုံးကို ကိုယ်စားပြုသလို ဗကသကလည်း ကျောင်းသမဂ္ဂ အားလုံး ကိုယ်စားပြုတဲ့ အဖွဲ့ချုပ်ကြီး ဖြစ်ရေး အထူး အချိန်ပေး ကြိုးပမ်းသွားတယ်။

ဟိုခေတ် ဟိုအခါမှာ ကတည်းက ကိုအောင်ဆန်း ကြိုမြင်တယ်လို့များ ဆိုရလေမလား။ ယခုခေတ် ယခုအခါ ဗကသ ဆိုတာ နိုင်ငံရေး ပါတီ တစ်ခုခုရဲ့ လက်ကိုင်တုတ် ဖြစ်သွားရင် မတွေးဝံ့အောင် ကြီးမားတဲ့ အန္တရာယ် မဟုတ်ပါလား။

ကိုအောင်ဆန်းဟာ သူနှင့် ပုဂ္ဂိုလ်ချင်း ရင်းနှီးတဲ့ ကိုရာရှစ်အား တကသ တာဝန် ပုံအပ်ကာ သူက ဗကသ အတွက် ပိုလုပ်နိုင်ပြီ။ ပြီးတော့ ကိုရာရှစ်က သက်တမ်း ကုန်ရင် ကျောင်းထွက်သွားမှာ၊ သူက ဗကသ အတွက် ဆက်လက်

mgyoe.com

mgyoe.com
SAMPLE BOOK

လုပ်ဆောင်သွားရမှာ။ နောက်တစ်ချက်က ဗကသ ကွန်ဖရင့်ကို ရန်ကုန်မှာပဲ လုပ်၊ တကသက ဦးဆောင်နေမယ် ဆိုရင် ကျယ်ပြန့်မှာ မဟုတ်လို့ ကိုအောင်ဆန်း သုံးသပ်တယ်။

ဒုတိယ အကြိမ် ဗကသ ကွန်ဖရင့်ကို မန္တလေးမှာ လုပ်ဖို့ အမှုဆောင်အဖွဲ့က ဆုံးဖြတ်လိုက်တော့ ကိုဗဟိန်းက အရေးပါလာပြီ။ ဒုတိယ အကြိမ် ဗကသ ကွန်ဖရင့် သဘာပတိ တာဝန် ယူရတယ်။

ကိုအောင်ဆန်း နောက် မျက်စိ ကျသူ တစ်ယောက်က အမျိုးသား ကောလိပ်က ပထမဆုံး ဘွဲ့ရလာပြီး မန္တလေး အမျိုးသား ကျောင်းမှာ ကျောင်းအုပ် လုပ်နေတဲ့ ဦးရာဇတ်ပါ။

ဗကသ ခေါင်းဆောင်များ ချဉ်းကပ် မေတ္တာရပ်ခံတဲ့ အခါ ဦးရာဇတ်က သဘောတူ လက်ခံလို့ ညီလာခံ ကျင်းပဖို့ နေရာ၊ ကိုယ်စားလှယ်တွေ တည်းခိုစားသောက်ဖို့ပါ အဆင်ပြေသွားပြီ။

ဒီနေရာမှာ ဗကသကို တကသနှင့် စာဖတ်သူများ ယှဉ်ကြည့်ပါ။

တကသ ရွေးကောက်ပွဲ အတွက် စည်းရုံး မဲဆွယ် ဟောပြောရုံပဲ၊ တခြားဘာတာဝန်မှ မရှိ။ ဗကသ အတွက် အစ အဆုံး လုပ်ကြရတယ်။ အနယ်နယ်အရပ်ရပ်က ကျောင်းသား ကိုယ်စားလှယ်များ လူ ရွေးဖို့၊ မန္တလေး လာတဲ့အခါ မီးရထားခ၊ သင်္ဘောခ တစ်ဝက် မဟုတ်တောင် သုံးပုံ တစ်ပုံ သက်သာဖို့ ကိုအောင်ဆန်း အပြန်အလှန် ရေးရတဲ့ စာတွေတင် စာအုပ် တစ်အုပ်မက များပြားလှပါဘိ။

ဒါတောင် မန္တလေးသား နှစ်ယောက် ဖြစ်ကြတဲ့ ဦးရာဇတ်နှင့် ကိုဗဟိန်းတို့ရဲ့ အားက ကြီးမားလွန်းလို့။

ဒီလိုနှင့် ၁၉၃၇ ခု မေလ ဦးရာဇတ်ရဲ့ မန္တလေး အမျိုးသား ကျောင်းမှာ ကျင်းပတဲ့ ဗကသ ညီလာခံ ကျင်းပနိုင်ပါပြီ။

စိတ်ဝင်စားစရာကောင်းပုံ တစ်ခုကို ကြည့်၊ မဟတ္တမ ဂန္ဒီနှင့် အတူ အိန္ဒိယ နိုင်ငံ လွတ်လပ်ရေး တိုက်ပွဲ ဝင်နေသူ ပန်ဒစ် ဂျဝါလာ နေရူးအားဧည့်ခံ ကော်မတီမှ ကိုဗဟိန်းက ကြိုဆို စကား ပြောပြီး ဗကသ ဥက္ကဋ္ဌသစ် ကိုအောင်ဆန်းရဲ့ မေတ္တာရပ်ခံချက် အရ အဖွင့် မိန့်ခွန်း ပြောကြားခြင်းပါ။

နေရူးကြီးက ကိုရာရှစ်နှင့် ပုဂ္ဂိုလ်ချင်း ရင်းနှီး၊ ကိုအောင်ဆန်းကလည်း ကိုရာရှစ်နှင့် ပုဂ္ဂိုလ်ချင်း ရင်းနှီး၊ အဲဒီလိုနှင့် ရောက်လာတာလို့ လွယ်လွယ် ပြောဖို့ မသင့်ဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK

အဲဒီ ခေတ်က အခြေအနေ အရ နယူးဒေလီကနေ ကာလကတ္တားကို ရက် အတန်ကြာ မီးရထားနှင့်၊ အဲဒီကနေ ရက် များစွာ သင်္ဘောစီး၊ ရန်ကုန် ရောက်၊ တစ်ခါ မန္တလေးကို ခရီးဆက်၊ အချိန် ကြာမြင့်စွာ ဝေးကွာလှတဲ့ ခရီး အပင်ပန်းခံကာ ဘာမှ မဟုတ်သေးတဲ့ အသက် ၂၂ နှစ် ကျောင်းသား ခေါင်း ဆောင်လေးကို လာရောက် ဂုဏ်ပြု တွေ့ဆုံရတာလဲ။

စာဖတ်သူများ စဉ်းစား ကြည့်စေချင်တယ်။ ကိုအောင်ဆန်းထံက သူ ဘာရနိုင်မှာမို့ ဒီလောက် အချိန်ပေး အပင်ပန်းခံကာ လာရတာလဲ။

ကမ္ဘာ့သိ ခေါင်းဆောင်ကြီး နေရူး သေတဲ့ထိ ကိုအောင်ဆန်းထံက ဘာ ရသွားလဲ။

ဆက်ပြီး မေးပါရစေ၊ ကျောင်းသားတွေ သမဂ္ဂ ဖွဲ့တာ သပိတ် မှောက်တာ အင်္ဂလိပ်တွေဆီက တတ်တာ မဟုတ်လား။ ဒုတိယ အကြိမ် ဗကသ ကွန်ဖရင့်ကို တက်လာကြတဲ့ နာမည်တွေထဲ လူမျိုးစုံ ဘာသာစုံ ပါပေမဲ့ တူညီချက် တစ်ခု ကတော့ သူတို့ အားလုံး လူတွေ မဟုတ်လား။

အဲဒီလို အခြေအနေက ထွက်လာတဲ့ ကိုအောင်ဆန်းဟာ မြန်မာပြည်က နိုင်ငံရေးသမားတွေထဲမှာ လူမျိုးစွဲ ဘာသာစွဲ အကင်းဆုံး လူထု ခေါင်းဆောင် အစစ် ဖြစ်လာတာ ထူးဆန်းလား။

ကနေ့ ငြိမ်းချမ်း ဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်းမှာ ခေတ်စားနေတဲ့ Diversity in Unity ဆိုတာ မမြင်နိုင်ကြသေးတဲ့ သို့မဟုတ် မမြင်အောင် မျက်စိ မှိတ် ထားကြတဲ့ အသက် ၂၂ နှစ် အထက် လူတွေ၊ ဗကသ ဥက္ကဋ္ဌ ကိုအောင်ဆန်း နှင့် ဆိုင် မဆိုင် စာဖတ်သူတို့ တွေးနိုင်ကြဖို့၊ လူကို လူလို မြင်ကြဖို့ 'လူတွေ ကြားက လူအောင်ဆန်း' မှာ ထည့်ရေးရခြင်း ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၇။ ဗကသ နေရာ မဲ့လို့ ကိုအောင်ဆန်း အဲပ်မပျော်

၁၉၃၇ ခု မေလမှာ ဗကသ ဥက္ကဋ္ဌ ဖြစ်လာတဲ့ ကိုအောင်ဆန်းနှင့် အတူ သူ အင်မတန် အားထားရ၊ ချစ်လည်း ချစ်တဲ့ ကိုဗဟိန်းက ဗကသ ဒုတိယ ဥက္ကဋ္ဌ အဖြစ် အရွေးခံရတယ်။ ဒီ 'လူတွေ ကြားက လူအောင်ဆန်း' စာအုပ် အစမှာ ကိုအောင်ဆန်းကို ကြည်ညို လေးစားရုံမက ချစ်တာကိုးလို့ ကျွန်တော် ရေးခဲ့တာ စာဖတ်သူတို့ မှတ်မိကြပါလိမ့်မယ်။

ကိုအောင်ဆန်းဟာ လူတွေကို ချစ်တတ်သူပါ။ သူ့ နှလုံးသားကို ဖောက်ထွင်း မြင်နိုင်စွမ်း မျက်စိ ကျွန်တော့်မှာ မရှိ။ သို့သော်လည်း သူ့ အကြောင်း လေ့လာခဲ့တာ နှစ်ပေါင်း များစွာ ကြာလာလို့ သိမှတ်ထားတဲ့ထဲကနေ ကောက်ချက်ချပြီး ပြောတာပါ။

ကိုအောင်ဆန်းဟာ တက္ကသိုလ် ကျောင်းသားချင်း သုံးနေကျ နာမည်ရှေ့က ကို မတပ်ဘဲ ဗဟိန်းလို့ ခေါ်တာကို ကြည့်။ မန္တလေး အမျိုးသားအထက်တန်း ကျောင်းမှာ ဒုတိယ အကြိမ် ဗကသ ညီလာခံ ကျင်းပနိုင်ရေး ကိုဗဟိန်းကို ဗကသ အထွေထွေ အတွင်းရေးမှူး ကိုအောင်ဆန်း ဘယ်လောက်အထိ အားထားရတယ် ဆိုတာ ရေးသင့်သလောက် ရေးပြီးပြီ။ ဆက်လက်တွေးကြည့်ပါ။ ပိုသိချင်ကြရင် ဝါသနာ တူသူတွေ စုပြီး ရှာဖွေကြ လေ့လာကြ လက်ဆင့်ကမ်းကြပါ။

ဗကသ ညီလာခံမှာ ကိုအောင်ဆန်းက ကိုဗဟိန်းကို ဗကသ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ရွေးကြဖို့ ညီလာခံ ကိုယ်စားလှယ်များအား တိုက်တွန်းသလား၊ မဲဆွယ်သလား ကျွန်တော် မသိ။ ဖတ်လည်း မဖတ်မိလို့ အတိအကျ မရေးနိုင်ပါ။ သို့သော်လည်း ဗကသ အဖွဲ့ရှည်ရေး ဆိုတဲ့ သူ့ ကြိုးပမ်းမှု၊ သူ့ ကိုယ်စား ဆက်လက် တာဝန်ယူဖို့ သူတို့ နှစ်ယောက်ကြား ဖြစ်စေ၊ အနည်းဆုံး ကိုအောင်ဆန်း စိတ်ထဲမှာ ဖြစ်ဖြစ် ဆုံးဖြတ်ထားတယ် ဆိုတာ နောက်ပိုင်း ဖြစ်ရပ်များပေါ် အခြေခံကာ ကျွန်တော် ပြောနိုင်ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဗကသ အတွက် လုံးပန်း၊ ညီလာခံ ဖြစ်ရေး လုပ်ဆောင်နေရတဲ့ အထွေထွေ အတွင်းရေးမှူး ကိုအောင်ဆန်းဟာ တကသ အမှုဆောင် အဖွဲ့မှာလည်း ဒုဥက္ကဋ္ဌမို့ လုပ်တန်သလောက် လုပ်ရပါတယ်။ ပြီးတော့ သူဟာ တက္ကသိုလ်ကျောင်းသား ဆိုတာလည်း မမေ့ပါနှင့်။ အတန်း တက်ရမယ်၊ စာကျက်ရမယ်။ လက်တွေ့မှာလည်း အတန်း တက်ရပါတယ်၊ စာ ကျက်ရပါတယ်။ ပြီးတော့ စာမေးပွဲလည်း ဖြေရမယ်လေ။

ဗကသနှင့် တကသ ဘယ်သင်းကို ဦးစားပေးမလဲလို့ ကိုအောင်ဆန်းကို စိတ်ကူးနှင့် မေးကြည့်ပြီး စာဖတ်သူ ကိုယ်တိုင် မိမိ ဘာသာ အဖြေရှာ။ ကျွန်တော် လေ့လာထားတဲ့ အထောက်အထားက ဒီလိုပါ။

အဲဒီနှစ် တကသ အတွက် ကိုအောင်ဆန်း အချိန် မပေးဘူး။ ဘယ်လောက်လေး အချိန်ရရ ဗကသ အတွက်၊ ဗကသ ညီလာခံ အထမြောက်ရေး၊ ဗကသ ရေရှည် ရပ်တည်နိုင်ရေး စတာတွေကိုပဲ စဉ်းစားတယ်။ အချိန် ပေးတယ်။ လုံးပန်းတယ်။

ဘာဖြစ်လို့ ဗကသကို ကိုအောင်ဆန်း ဦးစားပေးသလဲ။

တကသက အသားကျနေပြီ။ အစဉ်အလာ ရှိနေပြီ။

ဗကသမှာက တကသကို အကာအကွယ် ပေးမယ့် ရန်ကုန် တက္ကသိုလ် အက်ဥပဒေလို အားထားစရာ မရှိ။ တကသမှာက ထည်ဝါ ပြည့်စုံတဲ့ အဆောက်အအုံကြီးနှင့်မို့ စည်းဝေးမလား၊ ဟောပြောမလား၊ စားသောက်မလား၊ လိုလေသေး မရှိ။

ဘယ်မလဲ ဗကသ အတွက်။ ဗကသ ဥက္ကဋ္ဌ ကိုရာရှစ် အလုပ် လုပ်နေတာ တကသ ဥက္ကဋ္ဌ ရုံးခန်းမှာလေ။ မိမိ ကိုယ်တိုင်ကကော တကသမှာ ဒုဥက္ကဋ္ဌ ဖြစ်နေလို့သာ နားလည်မှုနှင့် လုပ်လို့ ကိုင်လို့ ရနေတယ် ဆိုတာ ကိုအောင်ဆန်း စဉ်းစားမိ၊ သိလည်း သိထားတယ်။

အရေးအကြီးဆုံးက ဗကသ ရုံး ဆိုတာ လက်ညှိုး ထိုးပြစရာ အနည်းဆုံး နေရာ တစ်နေရာ၊ အဆောက်အအုံ တစ်ခု လိုတယ် မဟုတ်လား။ ဗကသ ခေါင်းဆောင်တွေနှင့် တကသ ခေါင်းဆောင် အတူတူ သို့မဟုတ် နားလည်မှုနှင့် ဘယ်လောက် ကြာကြာ လုပ်သွားနိုင်မလဲ။

အနည်းဆုံး သူ ဗကသကို တာဝန်ယူချိန် အထိတော့ တကသ အဆောက်အအုံကို တွယ်ကပ်ထားရပေလိမ့်မယ် မဟုတ်လား။ မတ်လမှာ ဘီအေ အောင်ပြီးသားမို့ တကသကို ခေါင်းဆောင်နိုင်ရေး တက္ကသိုလ် ကျောင်းသား ဖြစ်ရ


mgyoe.com

mgyoe.com
SAMPLE BOOK

မယ်။ အဲဒီ လိုအပ်ချက် အတွက် ကိုအောင်ဆန်း ဘီအယ်လ် တက်တာလို့ ယူဆနိုင်တယ်။ ရန်ကုန် တက္ကသိုလ် အက်ဥပဒေ အရ တကာသကို ကျောင်းသားထု တစ်ရပ်လုံး ကိုယ်စားပြု အဖွဲ့အစည်း အဖြစ် အသိအမှတ် ပြုထားပါတယ်။

ကျွန်တော်တို့ခေတ် (၁၉၅၇ ခု) မှာ ဘီအေ အောင်သွားတဲ့ ဘောလုံးသမား ထွန်းအောင်က တက္ကသိုလ် အသင်းမှာ ဆက်ကစားချင်တယ် ဆိုတော့ အားကစားမှူး ဆရာငြိမ်းက ဘီအယ်လ် တက်ခိုင်းလို့ ကစားခွင့် ရခဲ့ပုံနှင့် ယှဉ်ပြီး ကျွန်တော် တွေးကြည့်တာပါ။ ဘီအယ်လ် ပထမနှစ် တကာသ ဥက္ကဋ္ဌ ကိုအောင်ဆန်းရဲ့ ပုံကို မြင်ဖူးကြပါလိမ့်မယ်။

သူ့ကို သေးသိမ် မှေးမှိန်အောင် လုပ်ကြတဲ့ထဲ ဗိုလ်ချုပ် အောင်ဆန်း ဘီအေ မအောင်ဘူး ဆိုတာလည်း ပါလိုက်သေး။ အဲဒီလို အခြေမဲ့ ပြောတာကို အလေးထား စဉ်းစားဖို့ ဝေးလို့ စာထဲ ထည့်ရေးတာတောင် လွန်လှပါပြီ။ ကျွန်တော် ရေးချင်တာက ရေးသင့်တာက သူ့ကို ကြည်ညို လေးစား၊ သူ့အကြောင်းလည်း သိခွင့် မရရှာလို့ ခုခေတ် အခြေအနေ ခုခေတ် အတွေးနှင့် မှန်းဆ ချေပနေကြရရှာတဲ့ ဘဝတူ အောင်ဆန်းကို ချစ်ကြသူတွေ အတွက်ပါ။

အဲဒီ ခေတ်က လူကုံထံတွေသာ တက်နိုင်တဲ့ ရန်ကုန် တက္ကသိုလ်မှာ ကိုအောင်သန်းနှင့် သူ တစ်ချိန်တည်း တက်နိုင်တာကို ကြည့်။ ကျောင်းပိတ်ရက် ငွေ လိုတော့ ဆောင်းပါး ရေး၊ မြန်မာ့အလင်း သတင်းစာမှာ ကိုဗဟိန်းနှင့် အတူ နိုင်ငံခြား ကြေးနန်း သတင်းတွေ ဘာသာပြန်နှင့် ရှာတယ်။ တို့ဗမာ အစည်းအရုံးမှာ အထွေထွေ အတွင်းရေးမှူး လုပ်နေတဲ့ သခင် အောင်ဆန်း ဘယ်လိုလုပ် စားရမဲ့ သောက်ရမဲ့ ဖြစ်နိုင်ပါ့မလဲ။ သူ့လို လူကို ထမင်း ကျွေးချင်တဲ့ ဆိုင်တွေ၊ အိမ်တွေ အပြိုင် ဖြစ်နေမှာပါ။

ကဲ စစ်ပြီး ခေတ်ကို ကြည့်ကြပါစို့။ ဗမာပြည်မှာ ဘုရင်ခံ ပြီးရင် ရာထူး အမြင့်ဆုံး ပုဂ္ဂိုလ်လေ။ ဗြိတိသျှ ဥပဒေ (system) အရ လစာ မပေးလို့ မရ၊ သူကလည်း မယူလို့ မရ (obligation) ဆိုတာ ရှိတယ် မဟုတ်လား။ သူ့ လစာ ဘယ်လောက် ဆိုတာ ကျွန်တော် မသိ။ မှန်းနိုင်အောင်လို့ အင်္ဂလိပ် ခေတ်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးခဲ့ဖူးတဲ့ 'တောင်ကျရေ နွားနှစ်ကောင် သောက်လို့ မဝသလိုပ၊ မောင်ဘဘော ၅၀၀၀ ကျပ် မစားရသောကြောင့်' ဆိုတာနှင့် တွေးကြည့်ရင် ဘုရင်ခံ အစိုးရ ဒုတိယ သဘာပတိ ဗိုလ်ချုပ် အောင်ဆန်းရဲ့ လစာ နည်းမှာ မဟုတ်ဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK

အမြင် အမျိုးမျိုး ရှိနိုင်ပေမဲ့ ကျွန်တော် ထောက်ပြချင်တာက သူ မဆင်းရဲဘူး ဆိုတဲ့ အချက်ပါ။ ဗမာ တစ်ပြည်လုံးက ချစ်ခင် ကြည်ညို လေးစားလို့ ငွေတွေ သောက်သောက်လဲသာမက လက်ဝတ်လက်စားတွေတောင် ချွတ်လှူကြတာ၊ သူ့ကို သတ်သတ် ပေးတာတွေလည်း လွတ်လပ်ရေး ရန်ပုံငွေထဲ ထည့်ပစ်လိုက်တာ လူတိုင်း အသိ။ မှတ်တမ်းမှတ်ရာတွေ များပါဘိ။

စီးကရက် သံဘူးနှင့် အပြည့် ရွှေဒင်္ဂါးပြားတွေ သခင်နုကို ပေးသွားကြောင်း 'တာတေ စနေသား' ထဲမှာ ရေးထားတာ ဖတ်နိုင်ပါတယ်။ အဲဒီတော့ သမီးလေး အတွက် နားကပ် မဝယ်နိုင်လို့ အမွေ သွားတောင်းပါ့မလား။

အဘက်ဘက်က ပျက်နေတဲ့ ခုခေတ် စိတ်ကူး ပြန်စဉ်းစားနိုင်အောင် အချက်အလက် ကျွန်တော် ဝေငှတာပါ။

သူ့အကြောင်း ဖတ်ထား လေ့လာထားသူ သတင်းသမား တစ်ယောက် အနေနှင့် ဆက်ပြီး ရေးပါရစေ။ သူ့ခေါင်းထဲ အမွေ ဝေးလို့ ရွှေလည်း မရှိ၊ ငွေ ဆိုတာလည်း မသိ၊ တိုင်းပြည် လွတ်လပ်ရေး ရဖို့သာ ပထမ၊ ဒုတိယ၊ တတိယ။ တိုင်းပြည် လွတ်လပ်ရေး ရဖို့သာ အဓိက။

ရိုးရိုးတန်းက သူ့ ကိုယ်ရေး အရာရှိ ဗိုလ်ထွန်းလှနှင့် ရုပ်ရှင် သွားကြည့်တာဟာ သာမန် လူတွေထက် ဘာအခွင့်အရေးမှ ပိုမယူချင်တဲ့၊ လူထု ကြားမှာ လူတစ်ယောက် အနေနှင့် နေချင်တဲ့ သူ့ရဲ့ ပင်ကို စိတ်ထား။

အဲဒါကြောင့်မို့ လူတွေ ကြားက လူအောင်ဆန်း။

ဒါပေမဲ့ ဘုရင်ခံ အစိုးရ အဖွဲ့ ဒုတိယ သဘာပတိ အဖြစ် တာဝန် အရ ခရီး သွားတဲ့ အခါ မီးရထားနှင့် ရိုးရိုးတန်းက သွားလို့ မရဘူး။ ကိုယ်ပိုင် လွတ်လပ်ခွင့်နှင့် တာဝန် ခွဲကြည့်နိုင်ဖို့ ရေးရတာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

## ၈။ လူတကာလို စားလို့ ပဲပြုတ် နံပြားနှင့် ဘောင်မခတ်သင့်

၁၉၄၆ ခု စက်တင်ဘာလ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစ အင်္ဂလိပ် ဘုရင်ခံ အစိုးရ အဖွဲ့ရဲ့ ဒုတိယ သဘာပတိ ဆိုတော့ ဗိုလ်ချုပ် အောင်ဆန်းဟာ မြန်မာ တစ်ပြည်လုံးရဲ့ ဒုတိယ ရာထူး အမြင့်ဆုံးနှင့် လစာ အများဆုံး ရတဲ့ ပုဂ္ဂိုလ် ပေါ့။

တာဝါလိန်းလမ်း သူ့အိမ်ကို အစောကြီး ရောက်နေတဲ့ ဧည့်သည် နှစ် ယောက်က ဒေါ်ခင်ကြည် ကျွေးတဲ့ ကိုကိုး တစ်ခွက်စီနှင့် ငှက်ပျောသီး နှစ် လုံးစီ စားပြီး သူ့ကို စောင့်နေကြတယ်။

ရေချိုးပြီး ဆင်းလာတဲ့ ဗိုလ်ချုပ် အောင်ဆန်း ရှေ့မှာလည်း ဒေါ်ခင်ကြည် က ကိုကိုး တစ်ခွက်နှင့် ငှက်ပျောသီး နှစ်လုံး လာချပေးတယ်။ ဧည့်သည် နှစ်ယောက်က ဗိုလ်ကျော်ဇောရဲ့ တိုင်း ၄ က မှတ်တမ်းများ စာအုပ် ထုတ်ဖို့ ခွင့်ပြုချက်နှင့် စက္ကူ ရရေး အတွက် လာကြတဲ့ ဗိုလ်မှူး ဘရှင်နှင့် တပ်ကြပ် ကြီး တင်ဦးတို့ပါ။ ခွင့်ပြုချက်တော့ သူ ပေးနိုင်တယ်၊ စက္ကူ ကိစ္စကိုတော့ ဗိုလ်မှူးကြီး ဇေယျထံ သွားရလိမ့်မယ်လို့ ဗိုလ်ချုပ်က ပြောတယ်။

စစ်ဒဏ် ခံထားရတဲ့ အပျက်အစီးတွေနှင့် ရန်ကုန် မြို့ကြီးထဲ နယ်က လာသူ နှစ်ယောက် မသွားတတ် မလာတတ်။ ဗိုလ်မှူးကြီး ဇေယျ ရုံး ဘယ် နေရာမှာ ရှိမှန်းလည်း မသိ။ တဖွဲဖွဲ ရောက်လာတဲ့ ဧည့်သည်တွေကိုတော့ ဒေါ်ခင်ကြည်ကသာ ဧည့်ခံ စကား ပြောနိုင်တယ်။ တိုတို ပြောရရင် သူ ရုံး အသွား ဝင်ပို့ပေးမှာမို့ သူတို့ နှစ်ယောက်၊ ဆရာဝန် တစ်ယောက်နှင့် ဗိုလ်ချုပ် အောင်ဆန်းတို့ ငါးခူနှင့် ကင်မွန်းချဉ်ဟင်း ထမင်း စားကြရင်း ပြောတဲ့ စကား ပါ။

လွတ်လပ်ရေး ရတဲ့ အခါ တို့လူတွေ အာဟာရ ပြည့်ပြည့် စားနိုင်ကြ အောင် အမျိုးကောင်း နွားတွေ၊ ကြက်တွေ မွေးမြူရေး လုပ်ပေးရမယ်လို့ ပြော



mgyoe.com

mgyoe.com
SAMPLE BOOK

ကြောင်း ၁၉၅၇ ခု ဇူလိုင်လထုတ် မြဝတီ မဂ္ဂဇင်းမှာ ကျွန်တော် ဖတ်ဖူးတယ်။ သူ ရသလောက် ဧည့်သည်လည်း ရ၊ ဗိုလ်ချုပ် အောင်ဆန်းက သူ စားနိုင်သလောက် ဖိမ်ခံပြီး မစားဘူး။ စားတဲ့ အခါမှာလည်း သူ့ လူတွေ အတွက် တွေးပြီး စိတ်ကူးတာ ဘယ်လောက် ချစ်စရာကောင်းလဲ ကြည့်။ သူ့ လူတွေ ဆိုတာ မြန်မာ တစ်ပြည်လုံးက လူအကုန်လုံး ဆိုတာ သတိ ရပါ။

ဗိုလ်ချုပ် အောင်ဆန်းကို ချစ်တော့ အသက် နှစ်ဆယ် မပြည့်သေးတဲ့ ကျွန်တော် ရူးခဲ့ပုံ အစမှာ ရေးခဲ့ပြီးပါပြီ။ ကြည်ရေ ပဲပြုတ်နှင့် နံပြား ရရင် စားချင်တယ် ဆိုတဲ့ သူ့ လက်ရေး မြင်တုန်းက ကျွန်တော်တို့လည်း စိတ်လှုပ်ရှားခဲ့တာပေါ့။ ဒါကြောင့် သူ့အသက် တစ်ရာပြည့်ပွဲမှာ ပဲပြုတ်နှင့် နံပြားတွေ သတိတရ စားကြတာ ပျော်စရာကြီး။

သို့သော် ဗိုလ်ချုပ် အောင်ဆန်းဟာ အမြဲတမ်း ပဲပြုတ်နှင့် နံပြားပဲ စားနေတယ်လို့တော့ မယူဆစေချင်ဘူး။ အဲဒီတော့ ဘာစားလဲ။ စာဖတ်သူတို့ ကျွန်တော်တို့လို တခြား လူတွေလို ရတာနှင့် စားတယ်။ အခြေအနေနှင့် နေရာကို လိုက်ပြီး အဆင်ပြေသလို စားကြောင်း သူ ပြောတဲ့ထဲ၊ သူ ရေးတဲ့ထဲ၊ သူနှင့် နီးကပ်စွာ နေခဲ့သူတွေ ရေးကြတဲ့ထဲ ကျွန်တော် ဖတ်ရတယ်။ စာဖတ်သူတို့ ရှာဖတ်ရင်လည်း တွေ့ရပါလိမ့်မယ်။

အများဆုံး တွေ့ရတာက မဆလာ ကဲတဲ့ ဆိတ်သား ခပတ်နှင့် ပလာတာကို ကိုအောင်ဆန်း အင်မတန် ကြိုက် ဆိုတဲ့ တူညီချက်ပါ။

ပင်လုံ ဆွေးနွေးပွဲ အထ မမြောက်လို့ ရန်ကုန် ပြန်ဖို့ ပြင်ဆင်နေစဉ် ဗိုလ်ချုပ် အောင်ဆန်းကို အဲဒီ ဆိတ်သား ခပတ်နှင့် ပလာတာ ကျွေးထားကာ ရှမ်းပြည် လွတ်မြောက်ရေး လူငယ်တို့ လှုပ်ရှား ဆန္ဒပြရာကနေ ဆွေးနွေးပွဲ ပြန်စ၊ စာချုပ် လက်မှတ် ရေးထိုးနိုင်ခဲ့တာ ဆိုတော့ အမှန်မို့ အဲဒါဟာ သမိုင်းဝင် အစာပေါ့။

ဗိုလ်ချုပ်က ညစာ ကျွေးချင်တယ် ဆိုတော့ စော်ဘွားတွေက လက်မခံ၊ မဟုတ်တာ သူတို့ကသာ အိမ်ရှင်မို့ ကျွေးပါရစေတဲ့။ ဘာ အစားအစာ ကြိုက်သလဲလို့ မေးမြန်း စုံစမ်းတယ်။ ရှမ်းပြည်မှာ စော်ဘွားများ ဧည့်ခံတာ ဆိုတော့ ရှင်းရှင်းကလေး ရှမ်း အစားအသောက်ပေါ့။

သူ့ အတွက် တကယ်တမ်း အရေးကြီးတာက ရှမ်းတွေနှင့် ဗမာတွေကြား အထင် လွဲနေတာတွေ ပပျောက်ရေး။

အဲဒါဟာ လူအောင်ဆန်းနှင့် အစားအစာ။


mgyoe.com

mgyoe.com
SAMPLE BOOK

ဗိုလ်ချုပ် အောင်ဆန်းရဲ့ မနားမနေ လုပ်ရပ်တွေကြောင့် ကျန်းမာရေး စိုးရိမ်စရာ အခြေအနေ ဖြစ်လို့ ဘုရင်ခံ ဆာ ဟူးဘတ် ရန့်စ်က သူ့ဇနီးအား မေမြို့ (ယခု ပြင်ဦးလွင်) ကို လွှတ်၊ နေအိမ် တစ်လုံး စီစဉ်ကာ အနားယူ အားမွေးစေပြီး ဘယ်သူမှ သွားမတွေ့ရလို့ အမိန့် ထုတ်ထားတယ်။ ဒေါ်ခင်ကြည်၊ ဦးဖေခင်၊ ဓာတ်ပုံဆရာ ဦးပုလေး ('ငါတို့ ဗိုလ်ချုပ် ဘာလုပ်ခဲ့သလဲ' စာအုပ် ရေးသားသူ) တို့ လိုက်ပါသွားကြတယ်။

ကားနှင့် ပြန်လာကြတော့ မနက်စာ ထမင်း ပျော်ဘွယ်မှာ စားဖို့ ဦးဖေခင်က စီစဉ်တာကို ကြီးကြီးကျယ်ကျယ် မလုပ်ရ၊ ရိုးရိုး လူတွေ အတိုင်း ဖြစ်သလို စားမယ် ဆိုတဲ့ သတ်မှတ်ချက်နှင့် ဗိုလ်ချုပ် အောင်ဆန်းက သဘော တူလိုက်တယ်။ အဲဒီအတိုင်းပဲ လုပ်ထားဖို့ ပျော်ဘွယ်ကို အကြောင်းကြားတယ်။

ခက်တာက အမျိုးသား ခေါင်းဆောင်ကြီး ဆိုတော့ တော်ရိလျော်ရိ လုပ်လို့ မသင့်လို့ မြို့ခံတွေက စဉ်းစားပြီး အကောင်းဆုံး ဖြစ်အောင် စီစဉ်ကြပြီ။ လူတွေ ချစ်တဲ့ ဗိုလ်ချုပ် လာမယ် ဆိုတဲ့ သတင်းနဲ့က ဟင်းနံ့ထက် ပိုကာ ပြန့်သွားပြီ။ လူတွေ များသထက် များလာတော့ ဘယ်အိမ်နှင့်မှ မဆံ့။ အဖြေကတော့ မဏ္ဍပ် ထိုးလိုက်ရသပေါ့။ ကား နှစ်စီး ရောက်လာတော့ လူတွေက တိုးကာ ဝှေ့ကာ အနား ကပ်လာကြတာကို ဗိုလ်ချုပ်က ပြန်လည် နှုတ်ဆက်ပြီး မဏ္ဍပ်ထဲ ရောက်တော့ မျက်နှာ မှုန်ကုပ်ကုပ်။

ဦးဖေခင်ကလည်း မျက်စိပျက် မျက်နှာပျက်နှင့် ကိုယ်တိုင်လည်း ဘာမှန်း မသိလို့ ဘယ်လိုမှ မရှင်းတတ်။ ဦးပုလေးကတော့ ဘုမသိ ဘမသိနှင့် စားနေပြီ။ အခြေအနေ ရိပ်မိတဲ့ ဒေါ်ခင်ကြည်က ချော့မော့ တောင်းပန်သော်လည်း မရ။ ဒေါ်ပွပွနှင့် ဗိုလ်ချုပ် ကားပေါ် ရောက်၊ ထွက်သွားပြီ။

ဦးဖေခင်လည်း နောက်ကားနှင့် အပြေးမောင်း၊ လမ်းထဲ တြွဲတဲ့ ဆိုင်က စမူဆာတွေ ဝယ်ကာ အမီ လိုက်ရနှင့်။ တစ်နေရာမှာ နားတော့ ဗိုက်ဆာနေတဲ့ ဗိုလ်ချုပ်ကို လှမ်းပေးလိုက်တယ်။ ကောင်းသားပဲ ဆိုကာ တစ်ခုပြီး တစ်ခု စားနေတာကို ကြည့်ရင်း ဒေါ်ခင်ကြည်က ပြုံးသတဲ့။ ဦးဖေခင်ကတော့ စိုးရိမ်ဆဲမို့ မပြုံးရဲ။

*ဗိုလ်ချုပ်မှာ စောစောက သူ ဒေါ်ပွထားတာကို သတိ ရဖို့ အချိန် မရှိလို့လား၊ သာမန် ခရီးသည်လို လမ်းဘေး ဆိုင်က ဝယ်လာတဲ့ စမူဆာ စားလိုက်ရလို့လား မေးခွင့် မကြုံလိုက်* လို့ ဦးဖေခင် ရေးဖူးတာကို ကျွန်တော်လည်း ဖတ်ဖူးခဲ့ပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

ဗိုလ်ချုပ် အောင်ဆန်းက လူတွေထဲက လူမို့ သာမန် လူတွေလိုသာ နေချင်တာ၊ စားချင်တာ သူ့ စရိုက်ပါ။ နောက်ပြီး ဘွင်းဘွင်းရှင်းရှင်းသမားလေ။

ဒီနေရာမှာ ရှင်းစရာလေး တစ်ခု ရေးပါရစေ။ ဗိုလ်ချုပ်က ထမင်း မှာစားပြီး ပေးစရာ ပိုက်ဆံ မရှိလို့ ဆိုင်ရှင်အား သူ့ကို ပါးရိုက်ပါ ဆိုတဲ့ ရေးသားချက်ကို စာဖတ်သူနှင့် ဆွေးနွေးကြည့်ကြရအောင်။

(၁) ထမင်းကလည်း ဆာ၊ ပိုက်ဆံလည်း မရှိဆို ဝတ်ပြီး အသေသာ ခံမယ်၊ ထမင်းဆိုင်ဟာ ပိုက်ဆံ မရှိရင် ဝင်စားလို့ မရဘူး ဆိုတာ လူတိုင်း သိမို့ ဗိုလ်ချုပ်က ဘာလို့ မသိရမှာလဲ။ ဘယ်တော့မှ အဲဒီလို လုပ်မှာ မဟုတ်ဘူး။

(၂) ၁၉၄၇ ခု ဗိုလ်ချုပ် ကျဆုံးချိန် မတိုင်မီ အထိ ရစရာ ပိုက်ဆံ မရလို့ ပါးရိုက်တဲ့ အလေ့အထ မရှိသလောက် နည်းတယ်။ အဲဒီ ကာလက မြန်မာပြည်မှာ ထွန်းကားခဲ့ဖူးပြီး ခုအခါ ပျောက်ကွယ်လုနီးပါး ဖြစ်သွားတဲ့ လူ့ ယဉ်ကျေးမှု အဆင့်အတန်း (Standard of Human Culture) ကို သိသူများ အဖို့ ရယ်စရာ။

(၃) ကျေးလက် တောရွာတွေမှာဆို လမ်းပေါ် လျှောက်သွားတဲ့ လူတောင် ထမင်းဝိုင်း မြင်ရင် အိမ်ရှင်က ခေါ်ကျွေး၊ လူစိမ်းကလည်း ဝင်စားနှင့် နာမည်တောင် မမေးဘူး။

(၄) ဗမာ ထမင်းဆိုင်၊ တရုတ် ထမင်းဆိုင်၊ ကုလား ထမင်းဆိုင် ဘယ်သူပိုင်ပိုင် ဘယ်သူ ရောင်းရောင်း ဝယ်စားသူကို လေးစား စေတနာ ထားမြဲမို့ စာဖတ်သူပဲ တွေးချင် ဆက်တွေး၊ ကျွန်တော် ဆက်မရေးပါရစေနှင့်တော့။

တစ်ခါက ဗိုလ်ချုပ်ကို ဂုဏ်ပြုတဲ့ ထမင်းစားပွဲမှာ အားလုံး စောင့်နေတုန်း သူ ရောက်လာတော့ မထိုင်သေးဘဲ ပန်းကန်ထဲက ဘယာကြော် တစ်ခုကို ယူစားလိုက်ပုံ ဒဂုန်တာရာ ရေးဖူးတယ်။

သူ အမြဲတမ်း အဲဒီလို လုပ်သလား၊ သူဟာ သာမန် လူတစ်ယောက် မဟုတ် ဆိုတာ သူ မသိဘဲ သတိမရဘဲ နေပါ့မလား။

ဟောဒီမှာ ကြည့်။

၁၉၄၇ ခု ဇန်နဝါရီလ လန်ဒန်မြို့က ဟိုတယ်မှာ လွတ်လပ်ရေး ဆွေးနွေးပွဲ အပြီး အိမ်ရှင် ဗြိတိသျှ ဝန်ကြီးချုပ်နှင့် အဖွဲ့ကို မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အနေနှင့် တည်ခင်းတဲ့ ညစာ စားပွဲ။ အလွန် အဆင့်မြင့် လျှမ်းလျှမ်းတောက်လို့ မှတ်တမ်း တင်ထားကြတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

သံခင်း တမန်ခင်း၊ ယဉ်ကျေးမှု ခလေ့ထုံးစံ ဦးထိပ်ထားတဲ့ ဘိလပ်သားတွေနှင့် ဘာ့ကြောင့် အဲဒီလို ရင်ပေါင် တန်းနိုင်လဲ။ ဘယ်တုန်းက ဘယ်နေရာမှာ ဘယ်သူ့ဆီက သင်ယူ လေ့လာထားသလဲ။

စာဖတ်သူ ဆက်မဖတ်ဘဲ ခဏလောက် တွေးကြည့်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK



ဘုရင်ခံ အစိုးရ ဒုတိယ သဘာပတိ ဦးအောင်ဆန်း



mgyoe.com

mgyoe.com SAMPLE BOOK

## ၉။ ကျောင်းသား လှုပ်ရှားမှု ဆိုတာ ဘယ်ပါတီ အတွက်မှ မဟုတ်

လူငယ် ဆိုတာ အများအားဖြင့် ဖြူစင် ရိုးဖြောင့်တယ်၊ စွန့်စား အနစ်နာခံတယ်၊ မဟုတ်မခံ ရဲရင့် ပြတ်သားတယ်၊ တွေးတဲ့ အခါ လုပ်တဲ့ နေရာမှာ ပွင့်လင်းတယ် စတာတွေဟာ သမိုင်းထဲ ပါနေကျမို့ ကိုအောင်ဆန်း မသိစရာ အကြောင်း မရှိပါ။ ဒါ့ကြောင့် အသက် ၃၃ နှစ် အရွယ် သူ ကွယ်လွန်သွားချိန်ထိ သူက လူငယ်တွေကို ချစ်ခင် အားထားသလို လူငယ်တွေကလည်း သူ့ကို ချစ်ခင် လေးစားတာ နောက်ပိုင်း အလျဉ်းသင့်သလို ရေးသွားပါ့မယ်။

ခုတော့ ကိုအောင်ဆန်း၊ တကသ၊ ဗကသနှင့် တို့ဗမာ အစည်းအရုံး အကြောင်း ဆွေးနွေးပါ့မယ်။

တကသ အမှုဆောင် အဖွဲ့ကို သူတို့ လူသိုက် ဦးဆောင်ခွင့်ရ၊ ဒုတိယ ကောလိပ် သပိတ် မှောက်စဉ် ကာလ တစ်လျှောက် ရန်ကုန် တက္ကသိုလ်မှာ မြန်မာ့ လွတ်လပ်ရေး အတွက် နိုင်ငံရေး လှုံ့ဆော်မှုတွေ ဝင်နေပါပြီ။ တကသ မှာလည်း မကြာခဏ လာဟောကြ၊ ကိုနုလို လုပ်တဲ့ လူတွေကလည်း လုပ်နေကြပါပြီ။ သို့သော်လည်း တကသဟာ လူတချို့ ပြောသလို ရေးနေကြသလို တို့ဗမာ အစည်းအရုံးရဲ့ ဩဇာခံ ဖြစ်နေပြီလား။ အဲဒီ အချိန် ကတည်းက သခင်နုတို့၊ သခင် အောင်ဆန်းတို့ ဖြစ်နေပြီလား။

'လူတွေ ကြားက လူအောင်ဆန်း' စာအုပ် ရေးဖို့ ကျွန်တော် လေ့လာထားတဲ့ အချက်အလက်များ အရ ဆိုရသော် မေးခွန်း နှစ်ခုစလုံး မဟုတ်လို့ ဖြေရပါမည်။

ကိုနု အဖြစ်၊ ကိုအောင်ဆန်း အဖြစ် ရှိနေကြဆဲပါ။

ကျွန်တော် ရေးတဲ့ စာအုပ်ဟာ သမိုင်း မဟုတ်သလို နိုင်ငံရေး စစ်တမ်း လည်း မဟုတ်။ ကျွန်တော့်လို ကိုအောင်ဆန်းကို ချစ်ကြသူတွေကို ကျွန်တော့် အမြင် ဝေငှတာမို့ စာဖတ်သူ တချို့နှင့် အမြင် မတူ သဘော ကွဲခွင့် ရှိတယ်။



mgyoe.com